
# ညိုလိုင်း

# ငြိမ်နေတဲ့လေထဲ

(စကားပြေ)




mgyoe.com
mgyoe.com

အခု အပြင်ဘက်က အမှောင်အတိုင်းဆို ညဟာ အတော်နက်နေပြီ။ ညထဲ လမ်းမီးတိုင်အောက်က မီးရောင်ပျပျကွက်လပ်ထဲ တိတ်ဆိတ်မှု အရိပ်ထင်နေ။ တိတ်ဆိတ်မှုထဲ အတိတ်ပဲမြင်လို့ ။ မြင်နေရတဲ့ လမ်းမီးတိုင်အောက်ဆီ လူကမရောက်ပေမဲ့လည်း စိတ်ကို အလင်းထဲ တတ်နိုင်သလောက် လွှတ်ထားချင်နေမိတယ်။ မလိုအပ်ဘဲ ခပ်လှမ်းလှမ်းမှာ လမ်းမီးတိုင်ဟာ လင်းလွန်းလှစွာ။ လင်းဖို့ လိုအပ်နေခဲ့တာလည်း ဖြစ်ကောင်းဖြစ်နေနိုင်ပါရဲ့။ မီးရောင်မှာ ပိုးမွှားတွေကာစ စိတ်ကွယ်ရာအဆုံး ပျော်ရွှင်ကျေနပ်သလိုသာ နေသွားနိုင်ကြ၊ အခုမြင်နေရတဲ့ အမှောင်ခြမ်းကနေသာ စိတ်ကူးနဲ့ လှမ်းမျှော်ကြည့်နေရတယ်။ ခြင်တွေ သီးထနေအောင် ခဲနေတယ်။ ခဲနေတဲ့ ခြင်တွေ ပျံဝဲနေတာ ရေးရေးမြင်နေရလည်း မြင်နေရရုံလောက်နဲ့ ခြင်တွေက အဝေးပျံသန်း ထွက်ခွာသွားမှာတော့ မဟုတ်ပါဘူး။

မျှော်လင့်ခြင်းကို တွင်းဆုံးရောက်အောင် ဆွဲချသွားမယ့် အမှောင်ပဲ။

# နီလိုင်း ငြိမ်နေတဲ့လေထဲ

ရှေ့က တိုက်တန်းနံ့ရဲ့ အမှောင်ရိပ်မှာ ကားမီးရောင်ကျနေတုန်း မွေးရပ်မြေထဲ အိမ်ပြန်ချိန်ထဲ ပြန်မလာတော့တဲ့ မကြားရတော့တဲ့ ရထားသံနဲ့။ ရထားဥသြသံအစား ကားဟွန်းသံလည်း အနီးကပ်မကြားရ စက်လည်သံတဖြည်းဖြည်းသေလာတယ်။ မီးရောင် ရုတ်တရက်ပျောက်သွားတယ်။ အတိတ်ထဲ တိတ်ဆိတ်နေမှုထဲ ဆွဲထုတ်သွားလေတဲ့ ကားပေါ်က လွတ်ကျသွားခဲ့စိတ်မှာ မျှော်လင့်ချက် မျက်လုံးများ စိုက်လို့။ ရွှေပဲ။ အခုအချိန်ပဲ။ အိမ်ပြန်ချိန် အချိန်မှန်ပဲ။

ISBN9789997111500
NW109
9 789997 111500
2,000.00KS

mgyoe.com

mgyoe.com

ငြိမ်နေတဲ့လေထဲ (စကားပြေ)၊ နီလှိုင်း
အတွင်းသရုပ်ဖော်ပန်းချီ - ကိုကိုနိုင်
စာမျက်နှာ ၁၇၈ မျက်နှာ၊ ၁၃ စင်တီ× ၂၀.၅ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၈၊ ဩဂုတ်လ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀၊

ရောင်းဈေး ၂၅၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

■■■■■■■■■■

# ငြိမ်နေတဲ့လေထဲ

(စကားပြေ)

နို့လှိုင်း

ပထမအကြိမ်၊ ၂၀၁၁

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# မာတိကာ


– ငြိမ်နေတဲ့လေထဲက အရွေ့တစ်ခု (မနော်ဟရီ၏အမှာ) က

– ရေးသူရဲ့ စာစကားများ င

၁။ ငြိမ်နေတဲ့လေထဲ ၁

၂။ လမ်းပျော် လူပျော် နှစ်သုံးဆယ့်ငါး ၁၅

၃။ အဝေးမြို့ငယ်ထဲက အတိတ်မီးခိုးများ ၂၁

၄။ လိပ်ပြာတစ်ကောင်လို တနင်္ဂနွေတစ်ရက်မှာ ရောက်လာ
ပျော်ရွှင်ဖွယ်ရာ တောင်တန်းတွေနဲ့ကမ္ဘာ ၃၃

၅။ နှင်းလူ ၄၃

၆။ မြူ ၅၅

၇။ အရေးပေါ်လူနာတင်ယာဉ်ပေါ်က မြင်ကွင်းများ ၆၇

၈။ ခေတ်ပုံထဲကပြောစကား အခုထက်ထိလည်း
အားလုံး 'ပြုံးထား' ၈၃

၉။ အိပ်မက် ဂေါက်ကွင်း ၉၅

၁၀။ ပိုးဖလံမြို့သား ၁၀၇

၁၁။ ကျောက်တုံးတွေ တင်တဲ့ရထား ၁၁၉

၁၂။ အနွေးရုပ်ရှင် ၁၃၃

၁၃။ ခြုံဆွဲထားတဲ့ အကြောင်း ၁၄၃

၁၄။ ပွဲကြီး ၁၅၇

၁၅။ ကြေးမုံချောင်း ၁၆၇


mgyoe.com

mgyoe.com

mgyoe.com

mgyoe.com



# ငြိမ်နေတဲ့လေထဲက အရွေ့တစ်ခု

ဒီဘက်ဆယ်စုနှစ်ဆီမှာ စကားပြေကောင်းဟာ အယ်ဒီတာစားပွဲမှာ ရှားပါးပစ္စည်းတစ်ခုလိုဖြစ်လာပါတယ်။ ရောက်လာတဲ့ စကားပြေတချို့ကျပြန်တော့လည်း အခင်းအကျင်းတွေ အရေးအသားတွေ၊ အတွေးတွေ စိတ်ရှည်မှုတွေ နည်းပါးလွန်းလှ... ဒီလိုနဲ့ တစ်လတစ်လ ဖောင်ပိတ်ပြီဆို စကားပြေရဖို့ ဓားပြထွက်တိုက်ရတဲ့ အဆင့်တွေဖြစ်ခဲ့ဖူးတယ်။ ခုထိလည်း ထွက်ပေါ်လာတဲ့ စကားပြေသမား နှစ်ယောက်သုံးယောက်ရလာတာက လွဲရင် ရုံဖန်ရံခါ ဖြစ်နေဆဲပါပဲ။

တစ်လ တစ်လ ဖတ်ရတဲ့ စာမူကြမ်းတွေက များလွန်းပေမဲ့ အဲဒီထဲမှာ ကဗျာတွေ၊ ကဗျာလို့ဆိုတာတွေ၊ ကဗျာလို့ထင်ကြတာတွေသာ များပြားနေခဲ့ပြီး စကားပြေပိုင်းမှာတော့ စကားပြေကောင်း အရသာရှိရှိ တော်တော်လေး ရှားလာတာတွေ့ရတယ်။ ကဗျာပဲဖြစ်ဖြစ် စကားပြေပဲဖြစ်ဖြစ် အတွေးရရင်ရသလို တစ်ထိုင်တည်း ပြီးနိုင်တာချင်းတူပေမဲ့ စကားပြေကပိုပြီး အချိန်လိုအပ်ပါတယ်။ အတွေးအတိုင်း လိုက်စီးသွားနိုင်ဖို့အတွက် အဲဒီအချိန်မှာ အဲဒီလူဟာ စိတ်ရော လူရော အချိန်ရောအဆင်သင့်ဖြစ်နေရတယ်။ စိတ်လည်း ရှည်ရပါတယ်။ ကိုယ့်

mgyoe.com

mgyoe.com



ရဲ့ အတွေး ကိုယ်ပြချင်တဲ့အကြောင်းအရာတွေဆီကို သေသပ်လှပတဲ့အခင်းအကျင်း အရေးအသားနဲ့ဆွဲယူသွားဖို့က အဲဒီလူဟာ စိတ်ရှည်ရတယ် စေတနာပိုရပါတယ်။ ဒီနေရာမှာ ကျွန်မပြောချင်တဲ့ စေတနာပိုမှုဟာ ကိုယ်တစ်ဦးတည်း ပုဂ္ဂလခံယူချက်အနေနဲ့ဆိုရင် ဖတ်သူအတွက်မဟုတ်ပါဘူး။ ကိုယ့်ရဲ့ သားသမီးနဲ့တူတဲ့ ကိုယ့်စာအပေါ်စေတနာထားမှုကို ဆိုလိုတာဖြစ်ပါတယ်။ အဲလိုအချက်အလက်တွေ အကြောင်းတရားတွေ ပေါင်းစုံမှသာလျှင် ဒုလ္လဘတစ်ခုလို စကားပြေကောင်းတစ်ပုဒ် ရတာကိုး။

လွန်ခဲ့တဲ့နှစ်တွေဆီမှာတော့ စကားပြေအရေးအသား သုံးခုလောက်ကို သတိထားမိလာတယ်။ တစ်ခုနဲ့ တစ်ခု မတူတဲ့ အရေးအသားတွေနဲ့ အပြိုင်အဆိုင် ထိုးထွက်လာတာကို စိတ်ထဲကျေနပ်မိတယ်။ အဲဒီထဲက တစ်ခုက အကြောင်းအရာတစ်ခုကို တည်လိုက်ပြီး အရေးအသားနဲ့ စိတ်ရှည်လက်ရှည် ခေါ်သွားတတ်တဲ့သူ။ သူ့စကားပြေက နုနွဲ့ပြီး လှနေတာမျိုး မဟုတ်ဘူး။ ဒါပေမဲ့ အသေးစိတ် စိတ်ရှည်မှုနဲ့ တည်ဆောက်ထားတဲ့ အခင်းအကျင်း အဖွဲ့အနွဲ့တွေ ရှိတယ်။ သတိထားမိတဲ့ ဟန်တစ်ခုက စာကြောင်းအရှည်ကြီးတွေကို အတိမ်းအစောင်း မရှိ လှနေအောင် ရေးတတ်တာပါပဲ။ တစ်ခါဆို proof reader က သူ့စာကြောင်းတွေကို ရှည်လွန်းလို့ ဖတ်ရခက်တယ်ဆိုပြီး သုံးကြောင်းလောက် ခွဲပစ်တာ ကြုံဖူးပါတယ်။ အဲဒီအတွက် စာကြောင်းကို မူရင်းအတိုင်းထားဖို့ မှာပြီး ဒါဟာ ဒီစာရေးသူရဲ့ကိုယ်ပိုင်ဟန်လို့ ပြောခဲ့ရဖူးပါတယ်။ ကိုယ်တိုင်က စကားပြေသမားရော ကဗျာသမားရောဖြစ်တာကြောင့် ကဗျာလိုလှတဲ့ ကျစ်လျစ်ထိရှတဲ့ စကားပြေတွေကို သဘောကျတတ်ပါတယ်။ သူ့စကားပြေတွေကတော့ ကဗျာလိုလှတဲ့ စကားပြေမျိုးတော့မဟုတ်ဘူး။ ဒါပေမဲ့ ကဗျာရနံ့ ပါပြီး ကဗျာတစ်ပုဒ်ရေးဖွဲ့သလို စိတ်ရှည်လက်ရှည် ရေးဖွဲ့တတ်တာတော့

mgyoe.com

mgyoe.com



အမှန်ပါပဲ။

ပြီးခဲ့တဲ့နှစ်နှစ်လောက်က မိတ်ဆွေတစ်ယောက်က အက်ဆေးကောင်းကောင်း ဖတ်ချင်လိုက်တာ ဆိုတဲ့ စကားကို ချင်ခြင်းတပ်သလို လာပြောဖူးလို့ အဲဒီ မိတ်ဆွေကိုကိုယ်တိုင် အာရုံကျနေတဲ့ စကားပြေအသစ်တချို့ကို ညွှန်းဆို ပေးခဲ့ဖူး တယ်။ အဲဒီထဲမှာ သူပါပါတယ်။ ခုနေများ အက်ဆေးကောင်း ကောင်းဖတ်ချင်လိုက်တာလို့ ပြောလာသူတစ်ယောက် ရှိခဲ့မယ် ဆိုရင်လည်း အဲဒီအညွှန်းကိုပဲ ပြန်ပေးမိဦးမှာပါပဲ။ အတွေး လှလှ စိတ်ကူးစိတ်သန်း ကောင်းကောင်း စိတ်ရှည်လက်ရှည် ရှိတဲ့ အခင်းအကျင်းတွေနဲ့ သင့်ကို ခေါ်ဆောင်သွားမယ့်သူ တစ်ယောက်ရှိပါတယ်။

သူကတော့ နိုလှိုင်းပါ။

မနော်ဟာရီ<br>
ဇူလိုင် ၁၁၊ ၂၀၁၈<br>
၁၁း၀၄ အေအမ်

❑

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com



# ရေးသူရဲ့စာစကားများ

(၁)

တစ်ယောက်ယောက်က စာတွေရေးနေတာ တကယ့်ဘဝ မို့လားလို့ ကျွန်တော့်ကိုလာမေးတဲ့အခါတိုင်း ကြေကွဲနေမိ တတ်တယ်။ ကြေကွဲနေတယ်ဆိုတာထက် စိတ်ထဲမကောင်း ဖြစ်သွားတတ်တာပေါ့လေ။ အဲဒီလိုမေးတဲ့သူက သူငယ်ချင်း အရင်းတွေ ကိုယ့်မိသားစုတွေထဲကဆိုရင် ပိုတောင်ဆိုးပါသေး တယ်။ သူတို့ကိုယ်တိုင်ကမှ ကိုယ့်အပေါ် နားမလည်ကြ ပါလားလို့တွေးပြီး ပိုဝမ်းနည်းနေမိတတ်တာ။ စိတ်ကိုလွှတ်ပြီး ပြန်လှန်ပြောလိုက်လို့ရပေမဲ့ ပြောတဲ့သူကိုယ်တိုင်က သူ တစ်ပါးရဲ့စိတ်ကို စော်ကားနေမိမှန်းမသိတဲ့အခါ ကိုယ်က ပြန်ပဲသနားရမလား၊ ဒေါသပဲထွက်ပြရမလားဆိုတာကိုတောင် ဝေခွဲလို့မရတော့ပါဘူး။ ဒါပေမဲ့ ဒီလိုခံစားချက်မျိုးကလည်း စာရေးတဲ့သူတစ်ယောက်ကသာ ခံစားနားလည်နိုင်တာမို့ အပြစ်တော့လည်း ဆိုလို့မရဘူးပေါ့လေ။ ကဲ... အဲဒါဆို ငွေကြေးဆိုတာကရော ဘဝမို့လို့လားလို့ ပြန်မေးချင်တဲ့အခါ စကားတွေအရှည်ကြီးပြောရတာပဲ အဖတ်တင်မယ်။ ဘာမှ တော့ ထူးလာမှာမဟုတ်ဘူး မဟုတ်လား။ လူတစ်ယောက်

mgyoe.com

mgyoe.com



အတွက် သူတန်ဖိုးထားတဲ့အရာတစ်ခုခုဟာ ဘဝဆိုပေမဲ့ တခြားတစ်ယောက်အတွက်ကျတော့ ဘဝနဲ့ချီတဲ့ကိစ္စ ဟုတ်ချင်မှဟုတ်မှာကိုး။ ဆိုတော့ အဲဒီလိုလွယ်လွယ်သဘောပေါက်နိုင်လောက်တဲ့အဖြစ်အပျက်မျိုးကို လိုက်ရှင်းပြနေရတာ တစ်ခါတစ်ခါလည်း မလွယ်ပါဘူး။ အဲဒါဆို ဘာပြောနေစရာလိုလို့လဲပေါ့။ ဘာလို့ပြောနေရသေးလဲဆိုရင် ဘဝမှာ အခုလိုအခြေအနေတွေ ကြုံတွေ့နေရလို့လည်း စာတွေရေးဖြစ်ခဲ့တာလား။ ကိုယ်တိုင်ကိုက စိတ်နှစ်ထားလို့ရတဲ့အခိုက်မို့လို့ပဲ ခံစားချက်တွေကို ထုတ်ပြဖို့ဖြစ်လာခဲ့တာလားဆိုတာကို ပြန်စဉ်းစားကြည့်နေမိတယ်။ စဉ်းစားမိတယ်ဆိုတာ ဆက်ပြီးတွေးဖြစ်သွားတာပေါ့လေ။ ပြောရရင် လက်ရှိအချိန်တွေအထိတော့ စာတွေ အများကြီး ချရေးနေမိတယ်လို့သာ ဆိုပါရစေဗျာ။

ဒါပေမဲ့ ရေးနေဖြစ်တယ်ဆိုပေမဲ့လည်း အခုခဏလောက်ကလေးမှာ တစ်ခါတည်း တစ်ကြိမ်တည်း ထုတ်အန်နေမိသလိုဖြစ်မှာကိုလည်း စိုးရိမ်မိပါသေးတယ်။ အချိန်တစ်ခုမှာပဲ စာတွေရေးဖြစ်ပြီး နောက်ပိုင်းဆက်မရေးဖြစ်တော့ဘူးဖြစ်မှာကြောက်တာမျိုးပေါ့။ တချို့လည်း အချိန်ခဏကလေးနဲ့ စာအများကြီးရေးပြီး နောက်ပိုင်းကျ ပြတ်တောက်သွားတတ်ကြတယ်လေ။ ကြားဖူးတာကတော့ တကယ့်ဘဝဆိုတာ ရှိမှလည်း စာကောင်းတွေထွက်လာမှာပေါ့တဲ့။ တကယ့်ဘဝဆိုတာက နေ့စဉ်ဘဝအခက်အခဲကြား လောကဓံနဲ့ အမြဲတစေရုန်းကန်နေထိုင်နေရပုံကို ပြောတာဖြစ်မှာပါ။ တကယ့်ဘဝဆိုတာ အဆင်မပြေတဲ့အခြေအနေမှာ တစ်ခုမဟုတ်တစ်ခုနဲ့ ထစ်အနေတတ်တာမျိုး အကြောင်းအမျိုးမျိုးနဲ့ နာကျင်ခံစားနေရတာမျိုးပေါ့။ ဥပမာ... အရာရာပြည့်စုံအဆင်ပြေနေတဲ့သူတစ်ယောက်က မပြေလည်တဲ့ဘဝတွေအကြောင်းကို လိုက်မခံစားဖြစ်သလို ကိုယ့်ရှေ့ကမြင်ကွင်းထဲ အပေါ်ယံအကြောင်းအချက်လောက် စိတ်ကူးနေရုံနဲ့ ချရေးလို့မရတတ်သလို

mgyoe.com

mgyoe.com



နေမှာပေါ့။ ပြည့်စုံနေသူတစ်ယောက်ဟာ တခြားသူရဲ့ဘဝကို အငှားလိုက်ခံစားတယ်ဆိုရင်တောင် တကယ်ရင်ဆိုင်ဖြတ်သန်း နေသူနဲ့ ခံစားမှုချင်းအလေးအပေါ့မှာ ကွာချင်ကွာသွားတတ် တယ် ဆိုပါတော့လေ။ အဲဒါဖြစ်ချင်ဖြစ်နိုင်ပါတယ်။ အဲဒီလို လောကခံကိုကိုယ်တိုင်လည်းကြုံမှ ဒီလိုဘဝအနာဆိုတာ အန် ထုတ်လို့ရ စိတ်ဒဏ်ရာနဲ့ အသားကျအဆင်ပြေနေရတာမျိုး ဆိုတော့ ဒီလိုဖြစ်နေတာကပဲ ကိုယ့်အတွက် ကံကောင်းနေ သလိုလို ဓာတ်အနာကို ကဗျာတွေ စာတွေထဲ ပြန်အန်ထုတ် ခွင့်ရနေသလို ဖြစ်နေတော့တာပါပဲ။

(၂)

ပြန်စဉ်းစားကြည့်တော့လည်း ဒီလိုအခက်အခဲတွေသာ မရှိရင် အခုလောက်ကြုံတွေ့နေရတဲ့အဖြစ်အပျက်မျိုးတွေသာ မရှိခဲ့ရင် ဒီလောက် စာအများကြီးရေးဖြစ်ခဲ့ပါ့မလားပေါ့လေ။ ကိုယ်တိုင်ကိုက ဘဝကိုစာရေးဖို့အတွက်ပဲ ဖြစ်လာသလို ခံယူ ထားခဲ့ရင်တောင်မှ ဒီလိုအဖြစ်မျိုးတွေ ရေးနိုင်မှာမဟုတ်ဘဲ တခြားအကြောင်းအရာမျိုးတွေကတော့ ရေးဖြစ်ချင်ရေးဖြစ်လိမ့် မယ်။ အခုလိုဖိဖိစီးစီးလုပ်ဖြစ်ပါ့မလားဆိုတာတော့ တွေးနေမိ တယ်။ ဝမ်းရေးအခက်အခဲမှာ ကိုယ့်စိတ်ကလည်း ဒီအလုပ် အပေါ် ပုံချမိလျက်သားဖြစ်နေတဲ့အချိန် အခိုက်အတန့်ဖြစ်နေ တာလည်း ပါမှာပေါ့။ အဲဒီလိုဆိုတော့လည်း ကံအဆိုးထဲက ရလာတဲ့ ဆုတစ်ခုလိုပဲ အခုအခြေအနေကို တန်ဖိုးထား နေရ ပြန်တယ်။ လွယ်တော့မလွယ်ပါဘူး။

တကယ်တော့ စာရေးနေတဲ့သူတစ်ဦးရဲ့လောကခံဆိုတာ ကျွန်တော်တို့ အစဉ်အဆက်အသိစိတ်ထဲမှာကိုက တော်တော် လေး ခါးသီးပါတယ်။ လက်တွေ့အဖြစ်အပျက်တွေကတော့ ပိုဆိုးမှာပေါ့။ ထားပါ။ အားလုံးအတွက်လောကခံလို့ဆိုပေမဲ့ ကိုယ့်တစ်ယောက်တည်းကျမှ လာဖိစီးနေတယ်လို့တော့ စွပ်စွဲ

mgyoe.com

mgyoe.com



ချင်တာမဟုတ်ပါဘူး။ စာရေးသူတစ်ယောက်ဆိုတာနဲ့ အားလုံးစိတ်ထဲမှာ တုံ့ဆိုင်းရမ်းခါသွားရပုံကို ဆိုလိုတာပါ။ ကိုယ်တွေဆီမှာက စာရေးနေတယ်ဆိုတာကို အလုပ်အကိုင် တစ်ခုလို့ လူတော်တော်များများက လက်မခံကြသေးပါဘူး။ တမင်သက်သက်ခေါင်းစဉ်ရှာ စိတ်ကူးယဉ်လေလွင့်နေတယ် လို့ ထင်တတ်ကြတာကိုး။ တကယ်လည်း လောကဓံဟာ စစ်ပြီ ဆိုလည်း သိပ်အရောင်လက်နေတတ်တာ မဟုတ်လား။ ခါးသက်နေကျပုံစံလေးအတိုင်း အသက်ပါပါကပြနေကြရတာ ပေါ့။ ကိုယ်ကမှစာရေးနေရတဲ့ဘဝကို အသက်လိုဖတ်တွယ် နေမိတာ ဆိုတော့လေ။ ဖြစ်လာသမျှ ခါးစည်းခံတယ်မဟုတ် ရင်တောင် ရင်ဆိုင်နိုင်ရဦးမှာပါ။

ဒါပေမဲ့ စာတွေရေးနေလို့ပဲ စိတ်ထဲ တခြားအကြောင်း အရာတွေမထည့်ဖြစ်၊ မိသားစုအတွက်မစဉ်းစားဖြစ် အလုပ် အကိုင်တစ်ခုခုကို စိတ်မကူးဖြစ်ဘူးလို့လည်း ပြောနိုင်သလို အဆင်မပြေတဲ့အခြေအနေမှာ စိတ်မလေဘဲ စာတွေ ရေးဖြစ် သွားတယ်လည်းဆိုလို့ရသေးတော့ ဒီလိုနေရတာကိုပဲ တစ်ဖက် က ကျေနပ်ပျော်ရွှင်နေမိပြန်တယ်။ ကိုယ်တိုင်ကလည်း ဒီအချိန် မှ မလုပ်ဖြစ်ရင် တစ်သက်လုံး အဲဒီအနာမှာ တစစ်စစ် ခံစား သွားရမှာကို ကြောက်မိနေတော့ ပိုပြီးအားထည့်ပြီး လုပ်မိ လျက်သားဖြစ်နေခဲ့တာပါပဲ။ အပြင်အလုပ်အကိုင်ကိစ္စတွေကို သီးခြားခံစားချက်နဲ့စဉ်းစားတယ်၊ တွေးနေဖြစ်တယ်ဆိုပေမဲ့ ဟိုးအရင်တုန်းကလို တစ်ညလုံး အိပ်ရေးပျက်လောက်အောင် စိတ်ဓာတ်ကျ ဝမ်းနည်းမိတာတော့ မရှိတော့ဘူး။ အဲဒါ စာတွေရေးနေမိတာကြောင့်ပါလို့လည်း ပြောလို့ရတယ်မဟုတ် လား။ အလုပ်အကိုင် ငွေကြေးဆိုတဲ့အရာတွေကို မတပ်မက် တော့ဘူးလားဆိုတော့လည်း ကိုယ့်မိသားစု ကိုယ်ရင်သွေးရဲ့ အနာဂတ်နဲ့ချိန်ထိုးပြီး လိုချင်စိတ်ကတော့ ရှိသေးတာပေါ့။ ဒါပေမဲ့ ဘဝကို အဆင်ပြေပြေနေထိုင်အသက်ရှင်ရုံအပြင်

mgyoe.com

mgyoe.com



အလောတကြီး ဇောကပ်ပူပင်နေတယ်ဆိုတာတော့ သိပ်မဖြစ်လိုတော့ဘူး။

(၃)

ဒါဆို ဘာတွေများဖြစ်နေတာလဲ။ ဘာကိုပြောချင်တာလဲပေါ့လေ။ စာရေးနေတဲ့သူကတော့ အမြဲတမ်း ဒီစာပေအပေါ်မှာပဲ စိတ်ရောက် မြင်သမျှ တွေ့သမျှအရာရာကို ကိုယ့်ခံစားချက် ကိုယ့်အသိနဲ့လိုက်ပါခံစားနေဖြစ်တာပါပဲ။ အမှန်တရားဆိုတာထက်လည်း ကိုယ့်ခံစားမှုရေချိန်အနည်းအများမှာ ကိုယ်နားလည်သလိုသာလိုက်ပါခံစားဖြစ်၊ ဘေးလူကို ပြန်ပြောပြနေသလိုသာ စာတွေရေးဖြစ်နေတာပါ။ စာရေးတယ်ဆိုတာကလည်း ဘေးနားတစ်ယောက်မှ ရှိမနေလည်း တစ်ယောက်ယောက်ရှိနေသလို ပြောလို့ရနေတာကိုး။ စိတ်ကို လိုသလောက်ဆွဲဆန့်ထားလို့ရ၊ အာရုံကို တစုတစည်းတည်းထားလို့ရတာကိုး။ စိတ်ကူးထဲ ကိုယ့်ယုတ္တိနဲ့ကိုယ် သွားနိုင်သလောက်ရောက်လို့ရနေတာမျိုး မဟုတ်လား။ ရိုးရိုးလေးပါပဲ။

ဖြစ်လာသမျှကို ရင်ဆိုင်ပြီး ကိုယ့်ဘဝကိုယ်စာပေထဲ မြှုပ်နှံထားကြတဲ့သူတွေလည်း ကိုယ့်အနီးအနားမှာ အများကြီးပေါ့။ ဒီစာပေအလုပ် စာရေးစာဖတ်ခြင်းကလွဲရင် တခြားဘာအလုပ်အကိုင်မှစိတ်မဝင်စား၊ ဒီလိုခေတ်ကြီးထဲမှာမှ ဒီလိုလူတွေရှိသေးပါလားလို့ထင်ရတဲ့အထိ စာအပေါ်သံယောဇဉ်ကြီးတဲ့သူတွေအများကြီးလည်း တွေ့ဖူးခဲ့တာပါပဲ။ ဒီဘက်ခုနှစ်တွေထဲမှာလည်း စာရေးသားခြင်းဆိုတာ ဝါသနာအလျောက် လုပ်ကိုင်တယ်ဆိုပေမဲ့ ထမင်းစားဖို့အတွက်တော့ တခြားအလုပ်အကိုင်တစ်ခုခုနဲ့ တွဲထား ကပ်ထား ကူကယ်ရာရှာထားမှရတယ်လို့ ပြောကြပေမဲ့ စာရေးခြင်းကလွဲပြီး တခြား ဘာမှစိတ်မဝင်စားဘူးဟေ့ဆိုတဲ့သူတွေလည်းရှိတယ်ဆိုတာ သိထားတဲ့အခါ အခုလိုပြောနေရတဲ့အကြောင်းအရာတွေကို သတ္တု

mgyoe.com

mgyoe.com

(ည)

ပြန်ချ ကိုယ့်ကိုယ်ကိုယ်ပဲပြန်မေးနေမိတော့တယ်။ ကဲ မခက်ဘူးလားပေါ့။ ဒီအလုပ်လုပ်ရင် ဒီလိုခက်ခဲ ရုန်းကန်ရမယ်ဆိုတာ သိပေမဲ့ ဒီအကျပ်အတည်းကိုမှ ရင်ကော့ခံသွားတဲ့သူတွေ ရှေ့ကလည်း အများကြီးရှိတာပဲလေ။ အခုလည်း ကိုယ့်ဘေးမှာ ကိုယ်နဲ့ရှူးဖော်ရှူးဖက် ရေးဖော်ဆရာတွေ အများကြီး ရှိနေသေးတာပဲမဟုတ်လား။ ဒီလိုစိတ်မျိုးဆိုတာ ရှူးရင်ရှူး သလောက် အရှူးရေချိန်တိုးရင်တိုးသလောက်မှာ ကိုယ်စီ ခံနိုင်အားကိုစမ်းသပ်လို့ သွေးမနည်းကြောင်းဆန်းစစ်ရတာပဲ ဆိုတော့ ကိုယ်လည်း ဘာထူးလဲ။ ဖြစ်လာသမျှ ကြုံလာသမျှ ပြေးတွေ့လိုက်ရုံပဲဆိုတဲ့စိတ်နဲ့သာ စာတွေရေးဖြစ်နေတာပဲ။ ဘာကြောင့် ကြေကွဲနေစရာလိုမှာလဲ။

(ဋ)

အဲဒါကိုမှ စာတွေကဗျာတွေဆိုတာ ဝမ်းဝတဲ့ဘဝမဟုတ် ငယ်ရွယ်စဉ်က စိတ်လှုပ်ရှားဖူးတဲ့အရာတစ်ခုလောက်ပါလို့ လာပြောတဲ့အခါ မရယ်မိသည့်တိုင် ဝမ်းနည်းမိတယ်လို့တော့ ဆိုချင်တာပါပဲ။ ကိုယ်စီ မျက်စိရှေ့တင် တစ်ဘဝလုံး အဆုံးခံပေးဆပ်သွားတဲ့သူတွေ မတွေ့ဖူးတာလည်းမဟုတ်။ အရာရာကို အလုပ်အကိုင် ငွေကြေးဂုဏ်ပကာသနတွေနဲ့ တိုင်းတာတဲ့ ခေတ်ကြီးက ကျွန်တော်တို့ဆီမှာ အခုထက်ထိ ဒီရာစုနှစ်အထိ မကုန်သေးတာကဘဲ ကံဆိုးမှုတစ်ခုလို့သာဆိုပါတော့။ စာရေးတာ အလုပ်မဟုတ်ဘူးလေတဲ့။ စာတွေကဗျာတွေဆိုတာ တကယ့်ဘဝအစစ်အမှန်မှမဟုတ်တာ။ စိတ်ကူးယဉ် မဆန်ချင်စမ်းပါနဲ့ကွာလို့ပြောတော့ ဘာပြန်ပြောရမှန်းကို မသိတော့ပါဘူး။

ဒါပေမဲ့ အဲဒီအကြောင်းတွေကိုပဲ အခုလိုဖြစ်နေတာတွေကိုပဲ စာရေးဦးမယ်လို့စဉ်းစားနေမိတာတော့ ကိုယ့်ကိုယ်ကိုယ်လည်း တဆိတ်လွန်လွန်းတယ်လို့တော့ တွေးမိပါတယ်။

mgyoe.com

mgyoe.com



တစ်ခါတစ်ခါလည်း စဉ်းစားနေမိတယ်။ ကိုယ်တိုင်က စာရေးချင်လို့ ကိုယ့်ကိုယ်ကိုယ်ဇာတ်နာအောင် တမင်များလုပ်နေမိသလားလို့။ အဲဒီလိုလည်း ထင်နေမိသေးတယ်။ ဒါပေမဲ့ စာရေးတယ်ဆိုတာကလည်း ရေးချင်စိတ် အရမ်းဖြစ်နေမှ၊ အာရုံခံစားမှုအားကောင်းနေမှသာ လွယ်ကူတာ စိတ်ကူးဉာဏ်မြူးနေမှပဲ ဖြစ်တတ်တာ မဟုတ်လား။ တစ်ခါတစ်ခါ မြင်သမျှ တွေ့သမျှလိုက်ရေးနေတတ်လို့ ကိုယ်ရေးတဲ့စာတွေက ပေါ့သွား အရသာလျော့သွားတယ်ဆိုတာလည်း ရှိနေသေးတယ် ဆိုတော့လေ။ ကိုယ်ရေးဖြစ်ခဲ့တဲ့ စာတစ်ပုဒ်ထဲမှာ စေတနာလေး တစ်စွန်းတစ်စပါခဲ့ရင်ပဲ ကိုယ့်စာလေးကို မပစ်ရက်တော့ပြန်ပါဘူး။ မကောင်းဘူးလို့ထင်ပေမဲ့ ဒီအတိုင်း သိမ်းထားလိုက်ရတာမျိုးတွေ ကြုံရတတ်ပြန်ရော။ ပြောရရင် ကိုယ်တိုင်က အခုနောက်ပိုင်းတွေမှာ စာရေးနေတယ်ဆိုတာ တခြားဘာအကြောင်းပြချက်မှမဟုတ်ဘူး။ စာရေးချင်လို့ကို မရေးရမနေနိုင်လွန်းလို့သာ ရေးနေတာလို့ပဲ ထင်နေမိတော့တယ်။ အခုလည်း ကိုယ်မရေးရင်မဖြစ်တော့ဘူးဆိုတာထက် ရေးချင်လို့ကို ရေးလိုက်တာမျိုး ကိုယ်မှမပြောလည်း တစ်ယောက်ယောက်တော့ ပြောသွား၊ ရေးသွားနိုင်တာပဲဆိုတာ သိပေမဲ့ ရေးနေပြောနေမိတာပဲ မဟုတ်လား။ ဒါဆို ဘာဖြစ်လို့ စာတွေရေးနေတာလဲတဲ့။ ရှင်းရှင်းလေးပါပဲ။ ကိုယ်ရေးချင်လို့ကို ရေးနေတာ။ ဒီဘဝထဲ ဘယ်လိုအခြေအနေဖြစ်ဖြစ် ဘယ်လိုအခြေအနေမျိုးရောက်ရောက် နေပျော် ခံနိုင်ရည်ရှိလို့ကို နေနေတာ။ နောက်ဆုံးအခြေအနေထိပေါ့လေ။ မရေးရရင် မနေနိုင်လွန်းလို့သာ စာတွေ ရေးနေမိတယ်လို့သာ ဆိုချင်တာပါပဲ။

နို့လှိုင်း

ဇွန် ၂၄၊ ၂၀၁၈


❑

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com



mgyoe.com

mgyoe.com


# ငြိမ်နေတဲ့လေထဲ

(၁)

ပြန်ရေတွက်ကြည့်တော့လည်း မိုင်ပေါင်းများစွာ ဝေးကွာသွားခြင်းပဲ။ အမှောင်ထဲ၊ အလင်းထဲ အသက်မဲ့နေ အသက်ရှိနေ အခြေအနေများ ခြားနားသွားခြင်းပဲ။ ညထဲ အစွန်းတစ်ဖက်နဲ့ အဆုံးတစ်ဖက်အကြား တိတ်ဆိတ်စွာရပ်နေရခြင်းပဲ။ ရှင်ခြင်းနဲ့ သေခြင်းဟာ အလင်းနဲ့ အမှောင်ကြား ဆန့်ကျင်ဘက်လို နီးကပ်စွာရှိနေကြမယ်။ နောင်တမှာ နောင်ဘဝများစွာတိုင် နောက်ထပ် နောက်တစ်ကြိမ် ပြန်လည်တွေ့ဆုံကြလိမ့်ဦးမယ်ဆိုတဲ့ မျှော်လင့်ချက်နဲ့ပဲ။ မျှော်လင့်ချက်နဲ့ပဲ။

မျှော်လင့်လျက်နဲ့ပဲ နွေထဲ အရိုးထိအောင်အေးခဲ ရှူးနေလည်း ညမှာ အရိပ်အယောင်လေးမျှမမြင်ရ၊ မှုန်ဝါးကျန်နေရတဲ့ ဘဝအပိုင်းအစ အဖြစ်မျှ။ အဖေနဲ့သားဘဝ နောင်ဘဝမှ နောက်တစ်ခါ ပြန်လည် ဆုံတွေ့ခွင့်ရမယ်။ နောက်တစ်ဘဝ နောက်မှ ပြန်လည်ပျော်ရွှင်ရမယ်။ အခုက အရင် အခြေအနေ ပြန်မြင်ယောင်တိုင်း လွမ်းနေရ ဆွေးနေရတယ်။ အခု ခဏလေးနေရာတင် ရပ်နေရသေးတယ်။ အမှောင်မှာ ဆက်လက်ရပ်နေဖြစ်လည်း အမှောင်ဟာ နောက်ဆုံးတော့လည်း ဆက်လက်မှောင်နေဦးမှာပါပဲ။

mgyoe.com

အခု အပြင်ဘက်က အမှောင်အတိုင်းဆို ညဟာ အတော်နက်နေပြီ။ ညထဲ လမ်းမီးတိုင်အောက်က မီးရောင်ပျပျကွက်လပ်ထဲ တိတ်ဆိတ်မှု အရိပ်ထင်နေ။ တိတ်ဆိတ်မှုထဲ အတိတ်ပဲမြင်လို့ ။ မြင်နေရတဲ့ လမ်းမီးတိုင်အောက်ဆီ လူကမရောက်ပေမဲ့လည်း စိတ်ကို အလင်းထဲ တတ်နိုင်သလောက် လွှတ်ထားချင်နေမိတယ်။ မလိုအပ်ဘဲ ခပ်လှမ်းလှမ်းမှာ လမ်းမီးတိုင်ဟာ လင်းလွန်းလှစွာ။ လင်းဖို့ လိုအပ်နေခဲ့တာလည်း ဖြစ်ကောင်းဖြစ်နေနိုင်ပါရဲ့။ မီးရောင်မှာ ပိုးမွှားတွေကစ စိတ်ကွယ်ရာအဆုံး ပျော်ရွှင်ကျေနပ်သလိုသာ နေသွားနိုင်ကြ၊ အခုမြင်နေရတဲ့ အမှောင်ခြမ်းကနေသာ စိတ်ကူးနဲ့ လှမ်းမျှော်ကြည့်နေရတယ်။ ခြင်တွေ သီးထနေအောင် ခဲနေတယ်။ ခဲနေတဲ့ ခြင်တွေ ပျံ့ဝဲနေတာ ရေးရေးမြင်နေရလည်း မြင်နေရရုံလောက်နဲ့ ခြင်တွေက အဝေးပျံသန်း ထွက်ခွာသွားမှာတော့ မဟုတ်ပါဘူး။

မျှော်လင့်ခြင်းကို တွင်းဆုံးရောက်အောင် ဆွဲချသွားမယ့် အမှောင်ပဲ။ အမှောင်မှာ လခြမ်းပဲ့လို ထွန်းလင်းနေခဲ့ပုံနဲ့။ ငုတ်တိုင်မှာ တည်းတည်းလေးသာ ကျန်နေတော့တဲ့ မီးစာလိုပဲ လူ့အသက်တွေက ကုန်လွယ် ပျောက်လွယ်လွန်းလှပေ့။ မီးတောက်ဟာ အချိန်မရွေး လွင့်ထွက်ပျောက်ကွယ်သွားနိုင်မှုမျိုးနဲ့ တောက်လို့။ အချိန်မရွေး ငြိမ်းသွားနိုင်လောက်တဲ့ မီးတောက်ကလေးကိုပဲ ဘေးက လေငြိမ်ပေးနေရပုံတွေလည်း ဖြစ်လို့။ အခု လေကို ရှူသွင်းပုံ ပိုပိုခက်လာတယ်။ သိပ်(မိုက်)တဲ့ ညတွေပဲ။ သိပ်မိုက်ခဲ့တဲ့ ညတွေပဲ။

(၂)

စီးကရက်မီးခိုးတွေက ငြိမ်နေတဲ့လေထဲ တိုးတက်ကာအသွား အနားမှာ တစ်ယောက်ယောက် ရပ်နေခြင်းဟာ အမှောင်ထဲ စိတ်အနှောင့်အယှက်ဖြစ်စရာတော့ မရှိလည်း မအိပ်သေးဘူးလား အဖေ့ကို လှမ်းမေးနေမိတယ်။ ပြောစရာစကားတွေက ရင်ထဲမှာ လေထဲမှာ ဖြစ်လာ၊ ရောက်လာ၊ ပြောဖို့ကြိုးစားလာ အားယူပြောနေရ။ ညက အတော်နက်နေခဲ့ပြီ။ ဝရန်တာပေါ်က တိတ်ဆိတ်နေမှုကို ချေဖျက်ဖို့ ကြိုးစားနေရတာဟာလည်း စကားလုံးတွေ ပျောက်ပျောက်နေတတ်ပြန်တဲ့ အကြောင်းပဲ။ ဟိုးအဝေးကြီးကို ငေးကြည့်နေ

mgyoe.com

mgyoe.com


လို့မရ၊ ကောင်းကင်ထဲ ကြယ်ကြွေချိန်ခဏ ပြန်လွမ်းနေရ၊ ရှေ့က မြင်နေကွယ်နေတဲ့ တိုက်တန်းပေါ် ကျော်ကြည့်လို့ လွမ်းနေ ဆွေးနေရတယ်။ အမှန်က အဝေးက အမှောင်ထဲ ဘယ်တော့မှ ကြယ်မကြွေ၊ ကိုယ်စီ အလွမ်းအဆွေးတွေပဲ မြင်နေ၊ လရောင်သဲ့သဲ့မျှပင်မရှိလည်း အတိတ်ထဲ အရိပ်မြင်နေဦးမလား၊ အဖေ ကြေကွဲ နာကျင်နေမလား တွေးကြည့်နေမိတာ။ နှစ်ယောက်တည်း ထိုင်နေဖြစ်တာကလည်း အဖေ့ကို စကားတွေ ပြောပေးဖို့ ပိုပိုလိုအပ်လာတဲ့အကြောင်းများပဲပေါ့။ အဖေလည်း စိတ်လိုလက်ရ စကားပြောပြောချင်နေသလိုပါပဲ။

ဒီလိုနဲ့ စကားတစ်လုံး နှစ်လုံး ထပ်ပြီး ထွက်ကျလာတယ်ဆိုရင်လည်း နောက်ထပ် မအိပ်သေးဘူးလား အဖေပဲ ဖြစ်နေဦးမှာပဲ။ အဖေလည်း နေရာမှာရပ်နေ၊ ဟိုးအဝေးကြီး ငေးရပ်ကြည့်နေတုန်း။ ပြောဖို့စကားလုံးတွေလည်း ကြိုးစား အားယူနေတုန်း။

ညဘက်ဆို ညနက်တဲ့အထိ မအိပ်ဖြစ်တာလည်း ကြာပြီ။ တိုက်ခန်းဝရန်တာရှေ့ စီးကရက်မီးခိုး လွှင့်ထုတ်နေတတ်တဲ့ ညများထဲ အဖေဟာ ဝရန်တာရောက်ရောက်လာ၊ စကားလာပြောပြော နေတတ်တယ်။ အိမ်အတွင်းထဲမှာတော့ အမေနဲ့ မိသားစုတွေ ညနက်ထဲ အိပ်နေ၊ တစ်နေ့တာပင်ပန်းနွမ်းနယ်နေမှုအကြား အနားယူနေလိမ့်မယ်။ ကိုယ်စီ ဘဝအမောများအလွမ်းနေ့များ သောကနေ့များစွာထဲ ဝရန်တာရှေ့ ထွက်ထွက်လာနေကျအဲဒီနေ့များမှာ အဖေလည်း ညနက်ထဲ အိပ်ရာပေါ် တစ်ကိုယ်တည်းတော်တော်နဲ့ အိပ်မရ၊ ဝရန်တာဘက် စကားလာထွက်ပြောနေရတယ်။ အမှတ်တရ ညများပါပဲ။ အမှတ်တရညများစွာထဲ၊ ဘဝထဲ၊ သောကထဲ ကျန်းမာရေးကိစ္စ လောကဓံကိစ္စ မွန်းကျပ်နေမှုများထဲ ခေတ္တခဏ အနားယူခွင့်ရတဲ့ ဝရန်တာညများပဲ။ အဖေ့ကိုပြန်အမှတ်ရ၊ ပြန်လွမ်းနေရ၊ မေ့မရညများပါပဲ။ အဖေက တစ်ခါတလေလည်း စီးကရက် တောင်းသောက်တတ်တယ်။ တောင်းတဲ့အခါတိုင်းလည်း ကျန်းမာရေးအကြောင်းနဲ့ ချီတုံချတုံဆုံးဖြတ်မရလည်း စီးကရက်တောင်းတိုင်း ပေးဖြစ်ခဲ့တာချည်းပဲ။ ပေးလိုက်မိခဲ့တာချည်းပဲ။ အခု ပြန်လွမ်းနေရသေးတယ်။

ဆင်ကြီး ဂဠုန်ချီ သီချင်းနဲ့ ငယ်ဘဝဟာ ဝေးလွန်းနေပါသေး တယ်။

mgyoe.com

mgyoe.com

လတ်တလော အဖေဆေးရုံစတက်ဖြစ်ရတဲ့ ရက်များ အဖေ့သောက နေ့ရက်များမှာ ကိုယ်စီလည်း စားသွားပေါ် မွန်းလို့။ အဖေဟာ ဆေးရုံပေါ် ရောက်သာလာခဲ့ရတယ်၊ နောက်ဆုံးအခြေအနေအထိလည်း ဆေးရုံမတက် ချင်စိတ်နဲ့ တင်းထားနေခဲ့ပုံပဲ။ ခံစားနေရတဲ့ ဝေဒနာကို တောင့်ခံနေခဲ့ တာကလည်း ဆေးရုံရောက်မှ ပိုပိုဆိုးလာတဲ့ ဒဏ်ရာတွေပဲ။

(၃)

အဖေ ဆေးရုံတက်နေရတယ်ဆိုတဲ့ သတင်းဟာ တယ်လီဖုန်းထဲ အေးစက်စက် ဝင်လာခဲ့တာ။ မိုးတွေ ချက်ချင်းညို့တက်လာခဲ့တာပဲ။ တစ်ယောက်နဲ့တစ်ယောက်ကလည်း တစ်မြို့တည်းဆိုပေမဲ့လည်း တစ်နေရာ စီ အစွန်အဖျားမှာချည်းပဲဖြစ်ဖြစ် နေတတ် ရောက်နေတတ်တယ်။ မကောင်း သတင်းဟာ ထစ်ခနဲရှိတာနဲ့ တန်းခနဲရောက်လာတော့တာပဲ။ ပျော်စရာ သာ လူ့ဘဝမှာ ရှားပါးလာ၊ တင်ကူးကာ ပျော်ရွှင်ပြမှုရလည်း ဝမ်းနည်း စရာတွေက အချိန်မရွေး ကိုယ့်ထံ အလစ်အငိုက်ဖမ်း ရောက်လာနေတတ် တာ။ ဓာတ်ပုံတွေထဲ စာအုပ်တွေထဲ ရုပ်ရှင်ထဲကအတိုင်း ဘေးပတ်ဝန်း ကျင်မှာလည်း ကြုံနေကျ အဖြစ်အပျက်တွေအတိုင်းပဲ အခုသတင်းက သွေး ဆုပ်ဖြူရော်လို့။ မြင်နေတွေ့နေ ကြားနေတဲ့ အရာတွေအားလုံး စိတ်မှာ ပြာစင်းသွားတယ်။ ဖုန်းခေါ်သံမှာ တကယ့်ဓာတ်လမ်းထဲ ကိုယ်တိုင်ပါဝင် သရုပ်ဆောင်နေရသလို တိုက်ဆိုင်နေမှုဟာ အချိန်ကိုက်ရောက်လာ ရုပ်ပုံတွေ အစဉ်လိုက် လိုက်လာ အပြင်မှာ ရုပ်ရှင်တကယ်ရိုက်နေရသလို လူ့ဘဝ ရိုက်ကွင်းကြီးထဲရောက်လာ။ ရောက်ရာနေရာက ပြေးလာရတယ် ။ ဆေးရုံ ဘက်ကိုပဲ အာရုံစိုက် အမြန်ပြေးလာခဲ့ရတယ်။ ဆေးရုံ သံခုတင်ရှိရာ ဆောက်တည်ရာမရတဲ့စိတ်နဲ့ တစ်ခုခုကို မမြင်ရမချင်း သွေးအေးမှာ မဟုတ် တဲ့စိတ်နဲ့။

အပြင်မှာ မိုးပိုသည်းလာပုံရတယ်။ အပြင်မှာ မိုးက မစဲသလိုပဲ ရွာနေ သလိုပဲ ဓာတ်လမ်းထဲကအတိုင်းဆို ငိုချပစ်လိုက်ဖို့ပဲ။ အဖေက ဆေးရုံ ခုတင်ထက်မှာ မောနေတယ်။ အောက်ဆီဂျင် ပေးထားပုံလည်းရတယ်။ အားယူနေတဲ့ ရင်ဘတ်အနိမ့်အမြင့်ဟာ ဟိုးအဝေးကြီးက ပြေးလာခဲ့ရတဲ့

mgyoe.com

mgyoe.com

အဝေးရောက်သားတစ်ယောက်အဖြစ်လို ထင်ရ၊ အပြစ်လို့ထင်ရ၊ မောပန်းမို့မောက်လို့။ နောက်မကျသေးဘူးဆိုတဲ့ အသိက လက်တွေ့မှာ အတော်အတန် စိတ်သက်သာရာ ရနေပေမဲ့ အရေးပေါ်အခန်းထဲ ယောက်ယက်ခတ်လူတွေကြား လိုက်ပါ ယောက်ယက်ခတ်ရ၊ တစ်နေ့ကုန် နောက်ထပ် တစ်နေ့ တစ်ရက်ထိ။ ဆိုပါစို့ စိတ်မှာ...လွတ်ချပစ်လို့မရတဲ့ ပူပန်နေမှုတွေကို။

(၄)

ဆေးရုံပေါ် ရက်အတော်ကြာတဲ့အထိ အဖေလည်း အားယူပြုံးရွှင်အောင်နေလို့။ ကျန်တဲ့ဘဝအပိုင်းအစ အပြင်လောကမှာ ဖြစ်နေတဲ့ အဆင်မပြေမှုတွေကို ကြိုးစားမေ့လို့။ ငွေကြေးကိစ္စထက် မိသားစုနှလုံးသားတွေ ပွန်းပဲ့ယိုင်နဲ့ မသွားစေဖို့ကိုပဲ အားစိုက်ရ၊ အဖေအားယူနေရတဲ့ ရက်တွေပဲ။ လောကကြီးထဲ ကမ္ဘာထဲ အဖေရှိနေသေးတာကပဲ ကုသိုလ်အကျိုးလို့ ထင်ရတဲ့အထိ ကျန်တာတွေလည်း အမှုန်အမွှားတွေအဖြစ်သာ မြင်ရတဲ့ ရက်တွေပဲ။ ဒီရက်တွေမှာတော့ သေနေ့မစေ့လို့သာ လူကရှိနေရတယ် အဖေရှိနေသေးတာ စိတ်ကသိနေရလည်း အဖေ့ကျောက်ကပ်က လုံးဝ မကောင်းတော့ဘူးဆိုတာ သေချာသွားတယ်။ ဆေးရုံမှာ အဖေ့အတွက် ကျောက်ကပ်တစ်ခုကလွဲ၊ ကျန်တဲ့အစိတ်အပိုင်းများ ပြန်လည် နာလန်ထူအောင်ကိုပဲ အတော်အားယူကြိုးစားရတဲ့နေ့များ။

စိတ်ထဲ ဆေးရုံကပြန်ဆင်းတဲ့အခါ သယ်ယူသွားရဦးမယ့် အနာဂတ်ထဲ အဖေ့နေ့ရက်များ။ အဖေနဲ့မိသားစု ဆက်လက်ယှဉ်တွဲလျက် လူ့ဘဝအဖြစ် အမှတ်တရနေ့ရက်များစွာ နေရဖို့ ကြိုးစားတွေးယူနေရတယ်။ မနက်ဖြန်တွေဟာ ကြိုတင်ပြင်ဆင်ရေးသားခွင့်မရလည်း ရောက်လာရတော့မှာ။ နာတာရှည်တော့မယ် နာလန်ထလူနာတစ်ယောက်အတွက် အကောင်းဆုံးဆိုတာတွေလည်း စဉ်းစားလို့ အခြားအဆင်ပြေစေမယ့်နည်းလမ်းများလည်း ကြိုးစားကြည့်လို့ အဖေလည်း နေလို့မကောင်းတဲ့ ကြားကနေပဲ မိသားစုအတွက် ကိုယ့်အတွက် အခြေအနေတစ်ခုကို စီစဉ်နေရတယ်။ လူ့အဖြစ်များစွာထဲ လူ့လောက၊ လူ့လောကခံများကြား လူတိုင်း တွေ့ကြုံခံစားနေကြတယ်ဆိုလည်း ကိုယ်တိုင် အစီအစဉ်မကျတဲ့ လူ့ဘဝနဲ့အတွေ့ အနည်းနဲ့

mgyoe.com

mgyoe.com


အများတော့ ပျာယာခတ်ကြရတာပဲ။ လူ့အဖြစ်မှာလည်း လူသားအဖြစ်မှာ မလွဲ ရနိုင်တဲ့ လောကခံရဲ့ ရက်စက်ကြမ်းရုတဲ့ လှည့်ကွက်တွေပဲ။ ပတ်ဝန်းကျင် အရိပ်အာဝါသများ ရှိနေလို့သာ မိသားစုမှာ ဖြေသာရတယ်။ ချစ်ခြင်းမေတ္တာအကြောင်းပဲ ပြောတတ်တဲ့ လူတွေရှိနေသရွေ့လည်း ကိုယ်စီပတ်ဝန်းကျင် နေသာရတယ်။ မဟုတ်ရင် မလွယ်ကူတတ်တဲ့ လောကပဲ။ အခုတော့ ချစ်ခြင်းမေတ္တာကြောင့်သာ အသက်ဝအောင် ရှူရသလိုပါပဲ။ ကမ္ဘာကြီး ကြာကြာလည်နေဦးမယ့် နိမိတ်ပဲ။ ကျနေထဲ ပင်လယ်မှာ စင်ရော်တွေ တစ်ခါ ပြန်ခေါ်လို့ ပျော်ရတယ်။ နေဝင်ချိန်မှာ မှောင်လာတော့မှာသိလည်း ကမ်းစပ်ကလူတွေ ညနေအလှမှာ ပျော်ရွှင်နေ ပျော်နေဖြစ်သလို အခုခဏလေးအချိန်များ စိတ်ကိုကပ်ထားလို့ အပူအပင်သောကတွေကိုလည်း ကြိုးစားမေ့လို့ မိသားစုမှာ ပျော်နေရတယ်။ နေနိုင်သလောက်ကလေး ဆိုပေမဲ့ လောကကြီးထဲ အဖေ့ရဲ့ ကျန်နေသေးတဲ့ အချိန်တွေမှာ ပျော်ရွှင်စွာ၊ စိတ်ပင်ပန်းမှုကင်းစွာ အချိန်ကြာကြာ နေသွားနိုင်ရေးကိုပဲ ကြိုးစားလို့။ မိသားစုထဲ ဘဝထဲ နေ့စဉ် ဘဝ နေ့စဉ်အဖြစ်အပျက်များလည်း ကြုံနေကျ အတိုင်းကြုံလို့ လူ့အဖြစ်မှလည်း တစ်ရွေးသားမျှမလျော့သေး၊ မိသားစု အဖြစ်များမှာလည်း ဆက်လက်ရှိနေသေး၊ ပျော်ရွှင်စရာများ ရှိနေသေးတာ ကျန်နေသေးတာ သိရ၊ တွေးရ၊ ကြည်နူးနေရသေးတယ်။

(၅)

လသာညများပဲ။ လမိုက်ညများဆိုလည်း လောကထဲ ကိုယ်စီ စွမ်းသလောက် လင်းနေခွင့်ရ၊ အလင်းရောင် ပေးနေရတယ်။ သောကဆိုလည်း စိတ်ကိုလွှတ်လို့ အားတင်းဆက်လျှောက်ကြတယ်။ ဝရန်တာပေါ်က လရောင်လည်း ကမ္ဘာမှာ ဆက်ရှိနေသေးတယ်။ အဖေလည်း ထို့အတူ လောကမှာ မိသားစုရှေ့မှာ ရပ်နေ၊ ဝရန်တာရှေ့မှာ မတ်မတ်ရပ်နေနိုင်သေးတယ်။ ဘာလိုနေသေးလဲဆိုရင် အကုန်လိုနေသေးတာပဲ။ လူ့ဘဝထဲ ပူပင်မှုတွေက ကိုယ်စီဘဝမှာ တစ်ခုမဟုတ်တစ်ခု လိုအပ်နေမြဲပါပဲ။ တစ်ပတ်နှစ်ခါ အဖေသွားရတဲ့ ဆေးရုံနဲ့ အိမ်ကြား ချောမောစွာ ရောက်နိုင်ရေးကိုပဲ အတော်ကြိုးစားနေရသေးတယ်။ လူ့ခန္ဓာမှာ ကျောက်ကပ်ဟာ အဆိပ်တွေ စစ်ထုတ်

mgyoe.com

ရတဲ့ အစိတ်အပိုင်းဆိုရင် အဖေ့ကိုယ်ထဲက အဆိပ်အတောက်တွေက စက်နဲ့ စစ်ထုတ်မှပဲရတော့တယ်။ ကြာရှည်စွာ အသက်ရှိလျက် ရောက်နေရာ လူ့ဘဝမှာ ပျော်ရွှင်နေချင်သေးတယ်ဆို ငွေကြေးဟာ နေ့စဉ်လိုအပ်ချက်ထဲ အရေးပေါ် အခြေအနေဖြစ်တယ်။ ငွေနဲ့ဆက်မှရနိုင်တဲ့ လူ့အသက်တွေပဲ။ အခက်ပွေနေလည်း လောကထဲ မိသားစုထဲ လွယ်လွယ်နဲ့ လူသားတစ်ယောက်အဖြစ်မှ လျော့ကျပေးလို့မရ၊ ချစ်ခြင်းမေတ္တာဆိုတာက ရသလောက် မျှော်လင့်နေရ၊ ကိုယ်စီနိုင်သလောက်တော့ မပြိုမကွဲ ဆက်လက်ရှိနေစေချင်တဲ့ ဆန္ဒနဲ့ပဲ။ အဖေ ကျန်းမာပျော်ရွှင် ဆက်လက်နေထိုင်နိုင်ရေးဟာ ငွေနဲ့အများဆုံး ဆုံးဖြတ်နေရသေးတယ်။ အဖေလည်း တစ်ပတ်နှစ်ကြိမ်ဆိုတဲ့ နေရာကို အသက်သာဆုံးနည်းလမ်း အခြေအနေနဲ့ သွားရောက်ဖို့ ထိန်းချုပ်ထားတဲ့ ကျန်းမာရေးစည်းကမ်းတွေကြား လှုပ်မရ။ လူက တောင့်တသမျှ၊ သွေးက တောင့်တသမျှ အစာအဟာရများလည်း အတတ်နိုင်ဆုံး မျှိသိပ်လို့ ဒီအိမ် ဒီမျက်နှာများ ဒီအချစ်များပဲ အချိုဆုံး အာဟာရအဖြစ်ပဲထင်မှတ်လို့ အားအင် အဖြစ် နှလုံးသားနဲ့စားသောက်လို့ ဒီအချစ်များပဲ ချိုလို့ အရသာရှိလို့ နေရ တယ်။ အဖေ့ရှိနေသေး၊ ချိုသော နေ့များပါပဲ။ အချိန်တွေ လွယ်လွယ် ကုန်သွား ကြိုးတန်းပေါ်က ရက်များပါပဲ။

မွန်းကျပ်မှုကိုမေ့၊ ကိုယ်စီအချစ်အကြောင်းလည်းပြောမယ်။ ရွှေငါးကလေး ကူးခတ်နေတာ ပြောပြီး ကိုယ်လည်းကြည့်ငေးမယ်။ ကန်ရေပြင်ထဲ ငွေလမင်းအရိပ်ထင်နေ၊ ကိုယ်စီဘဝ လသာညများလည်း ရှိနေ၊ ချစ်ခြင်းမေတ္တာ ရှိနေလို့လည်းဖြစ်မယ်။ အဖေအနားနေရင်းနဲ့ အချစ်လည်းဖြစ်လာ ရောက်လာ အိမ်ထောင်ကျလာတယ်။ ကမ္ဘာမှာ ဆည်းလည်းသံသာ သမီးကလေးတစ်ယောက် ရောက်လာတယ်။ မိသားစုကဗျာ ကမ္ဘာဟာသာယာလို့ ပန်းပွင့်တိုင်းလည်းမွှေးလို့၊ စမ်းတွေ့တိုင်းလည်းအေးလို့ မိသားစုမှာ အရေအတွက်တိုးလာ အချစ်တိုးလာ လောကထဲ လှုပ်ရှားရုန်းကန်နေရလည်း လရိပ်ထဲ စမ်းရေစီးသံကြားရ၊ ပျော်ရွှင်စွာ ဖြတ်သန်းသွားလာကြရတယ်။ အဖေလည်း မကျန်းမာတဲ့ကြားကပဲ ဝေဒနာမှာ စိတ်အစွဲလွှတ်လို့ ဖြစ်နေကျ ပျက်နေကျ သဘာဝကို ကြံ့ကြံ့ခံလို့ ပြုံးရပျော်ရ ဘဝမှာ ဆက်နေနိုင်ရတယ်။ ရောဂါဟာ ပိုဆိုးလာပုံ ရခြင်း မရခြင်းဆိုတာထက် နေထွက်

mgyoe.com

mgyoe.com


နေဝင်လောကထဲ ခံစားမှုလျော့သွား၊ ဝေဒနာရှိးသွား။ နေ့စဉ်ဘဝ ဖြစ်ပျက်များမှာ ဖြေသာလို့ ကိုယ်စီမိသားစုဘဝ ပြန်တည်ဆောက်လို့ စားဝတ်နေရေးလောကအရေးများလည်း ရင်ဆိုင်လို့ အဆိုးလည်းကြုံ၊ အကောင်းလည်းစုံလို့ ပုံမှန်နေသားတကျ ဖြစ်နေ ရှိနေရသေးတဲ့ ရက်များ။

(၆)

ဘဝထဲ ကြိုးတန်းပေါ်မှာလည်း ကြောင်တစ်ကောင်လို ငြိမ်လို့။ ငြိမ်နေတဲ့လေထဲ ပြုတ်မရအောင် ထိန်းနေရ ကြွေကျလာတဲ့ သစ်ရွက်ကလေးများပဲ။ နွေနေ့များပဲ လွမ်းလို့ ကျန်နေသေးတဲ့ နေ့ရက်အပိုင်းအစများလည်း ဆက်စပ်ကြည့်လို့ ပျော်စရာများလည်း ငွေနဲ့ ဆက်စပ်လို့သာ နေရတယ်။ အဖေနဲ့ ကျန်ရှိတဲ့ရက်တွေဟာ နွေထဲ ရော်ရွက်ဝါထဲ စိမ်းလန်းခွင့်ရနေသေးတဲ့ နွေဦးရက်များ နေ့တာများလိုပါပဲ။ ညထဲ လေတဖြူးဖြူးတိုက်ခတ်နေတတ်တဲ့ နွေဦးညတာများလိုလည်း စိတ်ထဲထပ်ထပ် ထင်နေရသေးတယ်။ အဖေ ရှိနေသေးတယ်ဆိုတာကိုက ပြန်တွေးကြည့်တော့လည်း ဘဝမှာ ကံကောင်းနေသေးလို့သာပဲ။ နေ့စဉ်ဘဝမှာ ဝေဒနာမှာ ရှိးလာ၊ ကြာလာတော့လည်း အဖေဟာ ရောဂါရဲ့ ချမှတ်ထားတဲ့ စည်းကမ်းတွေကို မကြာခဏဆိုသလို မျက်နှာလွှဲခဲ့တာပဲ။ ချုပ်တည်းနိုင်မှုကို မကြာခဏ မေ့ပစ်လိုက်တာပဲ။ တစ်ပတ်နှစ်ခါ မပြတ်သွားနေတဲ့ ဆေးရုံနဲ့ သောက်ဆေးအမျိုးအစားများစွာကြားမှာ အဖေဟာ ရသလောက်တော့ အစားအသောက်မှာ အခွင့်အရေး ယူယူတတ်တယ်။ တစ်ခါတလေလည်း အဖေ့ဘေးကနေ အသာလေးရပ်ကြည့်နေရ၊ အဖေ ခဏတာတော့ပျော်ရွှင်ပါစေ လွှတ်ထားပေးလိုက်ရတာချည်းပဲ။ အမေကတော့ ငြူဆူနေတတ်၊ စိတ်ဆိုးနေတတ်ပါတယ်။ အမေ့အတွက်ကလည်း စိတ်ပင်ပန်းမှုများကြား သောကနေ့တာများမှာ ဘုရားဝတ်ပြုခဲ့သမျှ ဆုပြန်တောင့်တ ဆိုလျှင်လည်း အဖေ့ ကျန်းမာရေးဆုတစ်ခုသာ ပြန်တောင့်တ ပြန်လိုချင်နေမှာပါပဲ။ အဖေ ချုပ်တည်းနိုင်ခဲ့သမျှ အစားအသောက်ကိစ္စ အလဟဿ မဖြစ်အောင်လည်း အမေ့မှာ မပြတ်သတိပေးပြောနေရပေမဲ့ အဖေကတော့ ပျော်ရွှင်စရာ မုန့်များ ခိုးခိုးစားနေတတ်တုန်းပါပဲ။ ပျော်စရာ အဖေ့နေ့ရက်များမှာ ပျော်စရာ အဖေ့

mgyoe.com

mgyoe.com


မုန့်များပဲ။

ဆေးရုံသွားရတဲ့ ရက်တွေကလွဲရင် အဖေဟာ သွားနေကျ၊ လာနေကျအတိုင်းပဲ အပြင်ထွက်တတ်သေးတယ်။ လက်ဖက်ရည်ဆိုင်ကအစ ညအိပ်ညနေအထိ အရင်က ပြုလုပ်နေကျ လူမှုရေးကိစ္စများလည်း မမောမပန်းလုပ်လို့ ပျော်သလိုသာနေသွား။ အဖေဟာ ပျော်ရွှင်စရာများ ရှာကြံနေတတ်တယ်။ အိမ်မှာ နေရာတစ်နေရာရာမှာ ညီအစ်ကိုမောင်နှမ အပေါင်းအသင်းများ စုမိ ဆုံမိတယ်ဆို အဖေလည်း ပြုံးရွှင်လို့၊ ခံစားနေရတဲ့ ဝေဒနာလည်း အလွယ်တကူမေ့လို့၊ ပျောက်လို့ စကားတွေအများကြီး ပြောရ အဖေလည်း မကြာခဏပျော်ရတယ်။ အနားမှာရှိနေတဲ့ လူတွေကလည်း အဖေ့အတွက် ပျော်စရာများ ဖန်တီးပေးကြရတယ်။ လမ်းသင့်တဲ့အခါမှာဆိုလည်း အနီးအနားရောက်တဲ့အခါ အဖေ့ထံ အလွယ်တကူ ရောက်လာနေကျ၊ ပျော်စရာများလည်း သယ်ဆောင်ပေးလာနေကျ ပျော်ရွှင်စရာ လူသားများ အဖေ့အပေါင်းအသင်းများပဲ။ ချစ်ခြင်းမေတ္တာများပါပဲ။ အဖေလည်း ပျင်းစရာနေ့တာများထဲ ပျော်စရာစကားများ အထပ်ထပ်လောင်းထည့်လို့ ဝမ်းသာပြုံးရွှင်နေတတ်တယ်။ မိသားစုကလည်း အဖေနဲ့အတူပဲ လိုက်ပါပျော်ရွှင်ကြည်နူးလို့၊ တစ်နေ့တာ ခဏတာ အမောများလည်းမေ့လို့၊ အချိန်တွေလည်း ကုန်လွယ်လို့ လွယ်လွယ်နဲ့ ပြီးဆုံးသွား လွမ်းစရာနေ့များပဲ။ အခုတော့ ပြန်လွမ်းနေရ အဖြစ်အပျက်များပဲ။

(၇)

အဲဒီရက်များပဲ၊ ၉၀ ခုနှစ် အမှတ်တရ အဖြစ်ရှိနေဦးမယ့် ရက်များပါပဲ။ ဒီခေတ်ထဲ နှစ်ဆယ့်တစ်ရာစုထဲ ကိုးဆယ်ခုနှစ်မုန့်များ အဖေ ရနေသေး၊ ကိုးဆယ်ခုနှစ်မုန့်များ အဖေ့အတွက်ရှိနေသေးတာလည်း ပျော်ရွှင်စရာကောင်းတဲ့ အကြောင်းပဲ။ အရောင်မှိန်နေပြီဖြစ်တဲ့ လက်ဖက်ရည်ဆိုင်ထဲ သစ်သားစားပွဲများမှာ ကိုးဆယ်နှစ်များအတိုင်း လူတွေ ကျပ်ညှပ်နေဆဲ။ ဆိုင်ထဲက မုန့်တွေကလည်း လတ်ဆတ်နေသေးတာပဲ။ ဆိုင်ထဲ အဖေပြန်ရောက်သွား ကိုးဆယ်နှစ်များပြန်ရလို့ ငယ်ငယ်တုန်းက အကြောင်းများလည်းပြောလို့မပြီး။ ပေါက်စီ၊ ဘဲသားမုန့်၊ ဓားလွီးမုန့် ထောပတ်မုန့်များ

mgyoe.com

mgyoe.com


လည်းချိုလို့။ လက်ဖက်ရည် မှာသောက်ကြရတယ်။ လက်ရွေးစင်က အစက ဒီနေရာမှာမရှိဘူး။ ဒီဘက်ခြမ်းမရောက်သေးဘူး။ ငယ်ငယ်က ကော်ဖီနဲ့ သင်းသင်းများလှိုင်လို့။ အခု ဆူးလေလမ်း လူကူးတံတားဟိုဘက်ခြမ်းမှာ ကုန်သည်ကြီးများ မဖြစ်သေး၊ မရှိသေး။ လက်ရွေးစင် ရှိခဲ့ဖူးတဲ့နေရာပေါ့။ အလွမ်းပြေ ပြောပြ၊ ကော်ဖီသောက်ကြရတယ်။ အဖေ အပြင်မထွက်တဲ့ ရက်တွေမှာလည်း ညနေ အိမ်အပြန် စားစရာတစ်ခုခု ပါလာတယ် ဝယ်လာ တယ်ဆို မိသားစုထဲမှာ အဖေကြိုက်တဲ့ မုန့်များပဲဖြစ်နေ။ ရန်ကုန်မြို့ထဲ နေရာအနှံ့က ရောက်ရာအရပ်က အဖေကြိုက်နှစ်သက်တတ်တဲ့ အစား အသောက်တွေလည်း အလွတ်ရလို့။ ကုန်တိုက်ထဲရောက်တယ်ဆိုလည်း အဖေမှာတဲ့ ပစ္စည်းများလည်း မပါပါအောင်ဝယ်လို့ ဆေးရုံမသွားခင် ရက်တွေမှာ အဖေ့စိတ်ကြိုက် ချိုချဉ်ဖန်ခါး အရသာမုန့်များ ခံတွင်းက တောင့်တသမျှ စိတ်ကတောင့်တသမျှ အဖေကြိုက်နှစ်သက်တဲ့ အစား အသောက်များလည်း အိမ်မှာ ဆောင်ထားရသေးတယ်။

အဲဒီအချိန်များမှာ နေ့ရက်များမှာလည်း မိသားစုဘဝ အကောင်း အတိုင်းပဲဆိုပေမဲ့လည်း ငွေနောက်လိုက်နေရတဲ့ လူ့ဘဝ၊ လမ်းပေါ်က မာန နေ့ရက်များပဲ။ ခြေဖဝါးပေါ်ထိကျနေတဲ့ ချွေးနဲ့အတူပဲ မရပ်မနားသွားနေတဲ့ လမ်းများ။ လမ်းများမှာလည်း အချိန်တိုင်း နေရာတိုင်းမှာ ငွေကြေးကိစ္စနဲ့ သာ ပူလောင်လို့၊ ငွေနောက်လိုက်လို့။ စိတ်ကူးယဉ် ရွှေမှုန်ကြဲနေတဲ့ အိပ်မက် တွေနဲ့။ စိတ်ကူးနဲ့ရူးနေဖြစ်ရုံနဲ့ ဘယ်တော့မှ အရာမထင်ခဲ့တဲ့ လူ့ဘဝထဲ ခြေလှမ်း တစ်လှမ်း လှမ်းတိုင်းမှာလည်း အောင်မြင်မှုဆိုတဲ့ ခရီးဟာ လွယ် လွယ်နဲ့ မနီးခဲ့။ အိပ်မက်ဆိုတိုင်းလည်း မှုန်ဝါး ပျောက်ကွယ်သွားတာမျိုး တော့ အတိအကျ ဟုတ်မယ်မထင်ပါဘူး။

## (၈)

ခြင်တွေ သီးထနေပြန်တယ်။ တံခါးကို အသာစေ့လိုက်တော့မှလည်း အိမ်ထဲကနေ ဘာအသံမှ မကြားရတော့သလိုပဲ လူ့ဘဝထဲ မြို့ပြထဲ မွန်းကျပ် နွမ်းနယ်မှုတွေ ဖြေလျော့ဖို့ စိတ်ကိုခဏလွှတ်ချလိုက်ဖို့ သန်းခေါင်ယံည တိတ်ဆိတ်နေမှုတွေ ကိုယ်စီလိုအပ်နေတတ်။ လက်ရှိ လူ့ဘဝထဲ သန်းခေါင်

mgyoe.com

mgyoe.com


ထက်လည်း ညနက်ဖူးလာခဲ့၊ ဘဝများနက်နက်လာခဲ့တယ်။ ပျော်ရွှင်စရာများ တွေ့ကြုံနေရပေမဲ့ ဆုံတွေ့ရတဲ့ လူ့ဘဝ တစ်ခဏမှာ ကြေကွဲနာကျင်စရာများ အမောများ အမှောင်ထဲ အကာအကွယ်ယူလို့ စိတ်ကလည်း ခေတ္တခဏလေးဖြစ်ဖြစ် လရောင်ငတ်လို့ နေသာဖြေသာ နေရသေးတယ်။ ပတ်ဝန်းကျင်ထဲ အသံတွေ တိတ်ဆိတ်နေလည်း စိတ်ထဲ မြစ်ရေစီးသံကြား၊ သံသရာထဲ ကြေးစည်သံကြား၊ ရှေ့ကအမှောင်ထဲမှာ ကိုယ်တိုင်အရိပ်မဲ့လို့။ အရိပ်ထဲ ကိုယ့်ဘဝ ပြန်မမြင်ရတော့သလို မှန်ထဲကထွက်လာ၊ လက်ထဲက ထွက်လာ။ မီးခိုးငွေ့များထဲ စကားလုံးတွေ ပြွတ်သိပ်ကျပ်ညှပ်စွာပါနေ။ အမှောင်ထဲမှာလည်း ခြင်များ ပျံသန်း အော်မြည်နေ။ နားထဲ တဝီဝီအော်နေ၊ လက်ဖျံကိုကိုက်ခဲနေ။ လည်ပင်းမှာ၊ သွေးကြောထဲမှာ၊ သွေးလမ်းကြောင်း သွေးလွှတ်ကြောထဲ လွယ်လင့်တကူ လူ့သွေးကို စုပ်ထုတ်နေကြ။ ချို ချဉ် ခါး အရသာ သွေးအရသာမှာ အာသာငမ်းငမ်း ဖြစ်နေတဲ့ ခြင်တွေ ။အမှောင်ထဲဆိုလည်း အခုအမှောင်က သွေးလျှော့သွားတဲ့ အမှောင်ပဲ။ ရေတွက်ကြည့်လို့မရတဲ့ အမှောင်ညတွေပဲ။ အတိတ်ထဲ သွေးနဲ့ရေးတဲ့ လွမ်းညတွေပါပဲ။

ရှေ့က တိုက်တန်းနံ့ရဲ့ အမှောင်ရိပ်မှာ ကားမီးရောင်ကျနေတုန်း မွေးရပ်မြေထဲ အိမ်ပြန်ချိန်ထဲ ပြန်မလာတော့တဲ့ မကြားရတော့တဲ့ ရထားသံနဲ့။ ရထားဥသြသံအစား ကားဟွန်းသံလည်း အနီးကပ်မကြားရ စက်လည်သံ တဖြည်းဖြည်းသေလာတယ်။ မီးရောင် ရုတ်တရက်ပျောက်သွားတယ်။ အတိတ်ထဲ တိတ်ဆိတ်နေမှုထဲ ဆွဲထုတ်သွားလေတဲ့ ကားပေါ်က လွတ်ကျသွားခဲ့တဲ့စိတ်မှာ မျှော်လင့်ချက် မျက်လုံးများ စိုက်လို့။ ရွှေပဲ။ အခုအချိန်ပဲ။ အိမ်ပြန်ချိန် အချိန်မှန်ပဲ။

လမ်းမီးတိုင်အောက်မှာလည်း ဘယ်သူမှ ရှိမနေဘူး။ မွန်းကျပ်ပိတ်လှောင်နေဆဲ စိတ်က မီးတိုင်အောက်ပြန်ပြန်ရောက်လာရဲ့။ ပြန်လည်ရောက်နေပါရဲ့။ လမ်းမီးတိုင်းဟာ ထွန်းလင်းစွာ။ စိတ်ကွယ်ရာအရပ်ဆိုတာ အမှောင်ခြမ်းသာ ဖြစ်တယ်ဆိုခဲ့ရင်လည်း လမ်းမီးတိုင်ဟာ သစ္စာတရားထွန်းကားရာ ငြိမ်းချမ်းသာယာသော အလင်းနယ်မြေ။ သစ္စာတရား ချစ်ခြင်းမေတ္တာတရား ကိုယ်စီ လွမ်းစိတ်များထဲ တေလေတစ်ယောက်

mgyoe.com

mgyoe.com


လည်း မီးတိုင်အောက်ရောက်လာ မှူးရှူးလဲကျနေတုန်း။ လဲကျသူရဲ့ ခေါင်းပေါ်မှာလည်း လမင်းသာနေတုန်း။ မီးရောင် ဖြာကျလင်းပျနေတုန်း။ အလွမ်းစိတ် ဖြာကျနေတုန်းပဲ။ လည်နေတဲ့ စက်ဝိုင်းလည်း ရပ်သွား အခုအမှောင်လည်း ဆက်လက်မှောင်နေဦးမှာပါပဲ။ သံသရာထဲထိ လိုက်ပါ မှောင်နေဦးမှာပါပဲ။

(၉)

ခြင်တွေဟာ အမှောင်ကိုတော့ အတော်ကြိုက်ပုံရနေ အုပ်စုဖွဲ့ ပျံသန်းကိုက်ခဲနေ သွေးစုပ်နေတုန်း။ စီးကရက်မီးခိုးတွေက ငြိမ်နေတဲ့လေထဲ တိုးတက်ကာသွားနေဖြစ်ဆဲ။ ဆောင်းနားမှာ တစ်ယောက်ယောက် ရပ်နေခြင်းဟာ စိတ်အနှောင့်အယှက် ဖြစ်စရာမရှိဘူးဆိုလည်း မအိပ်သေးဘူးလားဆိုတာ အဖေ့ကို မမေးဖြစ်တော့။ .......။ ...... ။

Idea၊ ဇွန်၊ ၂၀၁၆

❑

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com




mgyoe.com

mgyoe.com


## လမ်းပျော် လူပျော် နှစ်သုံးဆယ့်ငါး

ကိုယ့်ဘဝမှာ ကိုယ့်နေ့တွေကတော့ လောကဓံနွေနေနဲ့ချည်းပဲ တည့်တည့်ရင်ဆိုင်နေရတယ်။ လောကဓံထက် ပိုလောင်မီးကျနေတဲ့ နေရောင်ခြည်နဲ့သာ တိုက်ရိုက်ထိတွေ့နေရတယ်။ အိမ်ထဲမှာ လမ်းပေါ်မှာ ဘယ်နေရာဒေသရောက်ရောက် အဆင်မပြေမှုချည်း ကြုံနေဆုံနေ ဖြစ်နေရတယ်။ လမ်းပေါ်မှာဆိုလည်း အိမ်ရှိရာကိုပဲ အပြေးပြန်ချင် ရောက်ချင်နေမိပေမဲ့ အိမ်မှာနေတော့လည်း မပျော် လမ်းပေါ် ပြန်ထွက်သွားချင်နေတာပဲ။ ကိုယ့်စိတ်ဟာအစိုးမရဘူး။ ကိုယ့်စိတ်ထဲ ဘယ်အရာမှ ပုံမှန်မဖြစ်တော့ဘူး။ ဆိုသလိုပဲလူကလည်း ကိုယ်ခန္ဓာအစိတ်အပိုင်း တစ်နေရာရာတော့ ပျက်စီးနေတတ်သေးတာပဲ။ လမ်းပေါ်မှာဆိုလည်း လျှောက်မယ့်သာ လျှောက်နေရတယ်ဘယ်နေရာရောက်နေတယ်ဆိုတာ စိတ်ကမသိဘူး ။ ဘယ်နေရာမှာ ရပ်နေမိသလဲဆိုတာ အခါခါ လှည့်မေးအခါခါ လှည့်ငေးငေးနေမိတယ်။ အတွေးထဲ တိမ်တွေထူထပ်နေတတ်သလို မိုးရွာချင်လည်း ရွာနေတတ်တယ်။ မိုးစက်အသားထဲ ရေငွေ့ပါဝင်နှုန်း ရာခိုင်နှုန်းလည်း တွက်ချင်တွက်နေတယ်။ မိုးရေစက်ဟာ အချိန်ဘယ်လောက်ကြာရင် ခြောက်သွေ့ ပွန်းရှ အငွေ့ပြန်တက်သွားမလဲ ဆိုတာလည်းတွေးနေ ကိုယ်လည်း ဘယ်နေရာမှာ ဘယ်လို ကြွေ

mgyoe.com

mgyoe.com


ကျ ကွဲအက်သွားမလဲ ဆိုတာပဲ စိတ်ထဲပြန်မေးနေမိတယ်။ ပန်းပွင့်ထဲ ဝတ်ရည်အသွေးအသားထဲ နာဖျား အချစ်ပျားများလည်း ရှိနေနိုင်သလို ဝတ်ရည်မှာ ကူးစက်တတ်သောရောဂါများ စွဲကပ်နေတတ်သလားဆိုတာ လည်း တွေးနေမိတယ်။ အချစ်နဲ့ အေးတဲ့ ညလေညှင်းများ။ ကိုယ့်ညတွေမှာ တော့ အမှောင်ဆိုလည်း အမှောင်ပဲ မည်းနက်စိမ့်စွဲလို့ အေးစက်နေတော့တာ ပဲ။

ထိုင်နေရတာကြာတော့ အာခေါင်တွေ ခြောက်သွေ့ပွန်းပဲ့လာတယ်။ ဒီနေရာက ထိုင်နေရတာကြာသလောက် စိတ်ထဲအိုက်လာ လူက ကျဉ်းကျပ် မွန်းပိတ်လာတယ်။ ထိုင်ရာကမထ မျှော်လင့်ချက်မဲ့မဲ့လာ ဖြစ်ပြီးသားကိစ္စ တွေ မေ့မေ့လာတယ်။ လူက ထိုင်နေပေမဲ့ ထိုင်နေလျက်သား စိတ်က မောမောနေတတ်တယ်။ မျက်နှာမှာ အရေးအကြောင်းဟာ ထင်ရှားအိုမင်း လာသလို လူကိုယ်တိုင်ကလည်း အရေးဟဲ့ အကြောင်းနဲ့ ဆိုတာမျိုးချည်းပဲ လောလောနေတတ်တယ်။ စိတ်က တစ်ချိန်လုံး ထိန်းမရ၊ ပြန်လည် ချုပ်တည်းမရ ပြည့်ကျပ် မှောက်မှားလို့။ တစ်ခုခုထပ်မှား အမှားတစ်စုံတခု ထပ်လုပ်မိလိမ့်မယ်ချည်း ထင်နေတယ်။ လောကထဲ ဒီတစ်နေ့ ကိုယ် တစ်ယောက်တည်း ပိုပူပြင်းနေ ဆိုတာမျိုးလို လူတိုင်းကိုယ်စီ လောကခံ အနိမ့်အမြင့်မှာ ကြုံဆုံနေရပေမဲ့ ကိုယ့်လောကခံက ကိုယ်နဲ့မှ ပိုလိုက်ဖက် သလို ကံတရားက အနိမ့်ဘက်ချည်းသာ ကြုံနေဆုံနေ ဖြစ်နေရသေးတယ်။ မှတ်တောင် သိမ်းထားရဦးမယ် ဆိုတဲ့စကား ကိုယ့်အလှည့်ကျမှများ ကိုယ့် စိတ်များလည်း မာကျောနေလို့လားပဲ။ တခြားတစ်ဖက်က ပြန်စဉ်းစားတော့ ပိုပျော့ညံ့နေလို့လားပဲ။ ဟိုဒီ အခြား တခြား တစ်ဖက်စွန်းမှာရပ်နေမိတယ် ဆိုလည်း လူက တစ်ဖက်ဘက်တော့ တိုးလို့ကပ်လို့ရနေသေးတာပဲ။ တင်း ထားသမျှလည်း ပြန်ဖြေလျော့မရ၊ ပိုပိုမာကျောနေရအကြောင်းများပါပဲ။ ဦးတည်ရာမရ လူကသာ ထိုင်နေရတယ်၊ တစ်ခုခုထလုပ်ဖို့ တစ်နေရာရာ သာဆက်သွား၊ ဆက်လက် ထိုင်နေဖို့ နေရာ ရွေးနေမိသေးတယ်။ တစ်ယောက်ယောက်နဲ့ တွေ့ချင် ပြောချင်နေတဲ့ ကိုယ့်စကားများကလည်း တကယ်တမ်းကျတော့ နှုတ်က ထွက်ကျမလာ စာသားများပဲဖြစ်ဖြစ်လာ ရရလာတတ်လို့ လိုရာမရောက်နိုင်ဘူး။ လိုရင်းလည်းမရောက်သေး၊

mgyoe.com

mgyoe.com


ရေးသမျှလည်း အရာမထင် အရင်ကလိုလည်း ပြန်မနေချင်တော့ဘူး။ ဒီအတိုင်း ရွေ့လို့ရနေသေးတာကလည်း အပိုဆုတစ်ခုလို ဖြစ်နေသေးတော့ ဆက်တော့သွားနေသေးတာပဲ။ နွေထဲ ဘယ်ရောက်နေပြီ ဆိုတာ …။

ဘယ်ရောက်ကုန်ပြီလဲဆိုတဲ့ အကြောင်းအရာစာသားများ လိုရာ မရောက်နိုင်သေးပါ။ လိုရာမရောက်သေးပေမဲ့ လိုအပ်ချက်မှာ လူတစ်ကိုယ်စာ နေရာမှအစ မိသားစုအတွက်တာ တစ်နေရာ လိုကို လိုအပ်နေသေးတာ။ လိုနေပေမဲ့ ကိုယ့်မိသားစုနဲ့ အဝေး ကိုယ့်မှာ ပြေးစရာမြေဆိုတာကလည်း ဘယ်လိုမှ ရှာမရသေး။ မိသားစုနဲ့ဝေးရာ ပြေးစရာ အကြောင်းများလည်း မရှိသေးလို့ ကိုယ့်နေ့တွေ တစ်စွန်းတစ်စ စိုစွတ်နေသေးတယ်လို့သာ မှတ်ထင်နေရတယ်။ ကိုယ့်ဘဝမှာ အခြားအခြား ကိုယ့်အကြောင်းများ ဖြေစရာ တရား တစ်စုံတစ်ရာကလည်း ဘယ်လိုမှ ရှာမရ၊ အခြေချစရာ နေစရာဆိုတာကလည်း ဘဝမှာ အိပ်မက်တစ်ခုလိုလိုပါပဲ။ နေစရာ အိမ်ရာဆိုတာက ဘယ်လိုမှ မမြဲ။ အမြဲပဲ အချိန်တိုင်းပဲ တစ်နေရာမဟုတ် တစ်နေရာ ရွေ့ရွေ့နေရသေးတာပဲ။ တစ်နေ့မဟုတ် တစ်နေ့နေ့တော့ ပြောင်းဟယ် ရွှေ့ဟယ် လုပ်နေရသေးတာပဲ။ အချိန်တိုင်းမှာ ရွှေ့သာရွှေ့နေရပေမဲ့ အခုထိလည်း ဘယ်နားရောက်နေလဲဆိုတာပဲ ပြန်ပြန်ငေး ပြန်ပြန်မေးမိနေသေးတယ်။ ကိုယ်ကတော့ ဘယ်နေရာရောက်ရောက် ဆိုတဲ့စိတ်နဲ့သာ ဆက်သွားနေမိပါတယ်။ ဒါပေမဲ့ လျှောက်နေရာလမ်းများ ရောက်ချင်တဲ့ လမ်းမများလည်း မရောက်သေးသလို အခုမဖြစ်မနေ လျှောက်နေ ရောက်နေ၊ လမ်းများ ဆိုတာကလည်း မရရအောင်သာ လျှောက်နေ ရောက်နေရလို့ တစ်နေရာရာတော့ မဖြစ်ဖြစ်အောင် ရောက်အောင်သာ သွားနေမိတော့တာပဲ။ ဒါပေမဲ့လည်း တစ်ခုပဲ။ တစ်ခုပဲရှိတယ်ဆိုလည်း အနာဂတ်မှာမလွဲ တစ်စုံတစ်ခုသာ ရှိမယ်ဆိုရင်လည်း ချစ်ခြင်းမေတ္တာများသာဖြစ်မှာပါပဲ။ ချစ်ခြင်းမေတ္တာအကြောင်းမှလည်း ဘာကြောင့်မှမလွဲ ချစ်ခြင်းမေတ္တာဆိုတာကလည်း ဘယ်လိုအခြေအနေမျိုးမှ ဘေးမရောက် ကိုယ့်ဘဝမှာ နေ့တွေညတွေ ပျော်ရွှင်မှုတွေ ဆက်ဖြစ်နေ ရရနေဦးမှာပဲ။ ကိုယ်မျှော်နေမိတုန်းပါပဲ။ ပျော်ချင်နေမိတုန်းမှာလည်း ကိုယ့်စိတ်ကမရဲ ဒါပေမဲ့လည်း ပျော်ရွှင်ခြင်းမှာ ချစ်ခြင်းမလွဲ ဘယ်တော့မှလည်း ဘဝထဲ မျက်နှာမလွှဲ၊ မေတ္တာလည်းမမွဲလို့ မေတ္တာတရား အကြောင်း

mgyoe.com

mgyoe.com


များသာ ဖြည့်ချင် ပြည့်စေလိုနေသေးတယ်။ ကိုယ့်မိသားစုဝင်များလည်း ပျော်စေချင်၊ ကိုယ်လည်း ပျော်ပျော်နေ မခွဲအတူနေချင်သေးတာပါပဲ။

တစ်ခုပဲ။ ငွေပဲ။ ရွှေပဲ။ ငွေကြေးတစ်ခုပဲလိုတယ်ဆိုလည်း ချစ်ခြင်းမေတ္တာဆိုတာက ငွေနဲ့လဲမရ၊ ဘယ်တော့မှလည်း အမြဲမရတတ်လို့ ငွေနဲ့တွက်ရင် မှားတော့တာပဲ။ ငွေနဲ့လဲရင် ချစ်ခြင်းမေတ္တာမှအစ အရာရာ ကိုယ့်ဘေးက သွားတော့မှာပဲ။ ငွေနဲ့ နှိုင်းမရ ချစ်ခြင်းမေတ္တာတရားဆိုတာက ဘယ်တော့မှ မရိုင်းပျလို့ ကိုယ့်ဘဝဆိုတာကလည်း ငွေကြေးနဲ့ ပတ်သက်ရင် ဘယ်တော့မှလည်း မမြဲ၊ ငွေနဲ့ မမြဲအတူမနေတတ်လို့ ချစ်ခြင်းများသာ အာဟာရဖြစ်နေတတ်တယ်။ ဘယ်အချိန်မျိုးမှာမဆို ကိုယ့်ဘက်မှာ ချစ်ခြင်းမေတ္တာပဲလိုနေတယ်။ ကျန်တဲ့အရာများ၊ ဘဝများက ဘယ်လိုမဆို ဖြစ်နေရနေဦးမှာပဲ ဆိုတာလည်းသိနေ၊ ဘဝဆိုတာကလည်း ကိုယ်သွားရင် သွားနိုင်သလောက် ရောက်ရတာချည်းပဲဆိုတာလည်း သိနေတယ်။ တစ်ဖက်ကလည်း ကိုယ်မှားရင် မှားသလောက် ပျောက်ဆုံးသွားတတ်တာချည်း ဆိုတာလည်း ရှိနေတယ်။ ဆိုသလိုပါပဲ။ ကိုယ့်မှာ နောက်ဆုံးကျန်နေသေးတယ်ဆိုလည်း တစ်မျှင်တည်းသော ကောက်ရိုးမျှင်ကလေးပဲ။ ချစ်ခြင်းမေတ္တာမြစ်ကလေးတစ်စင်းပဲ။ စီးနေ အေးနေ နွေးနေထဲ အပူငြိမ်းနေသေးတယ်ဆိုပါတယ်။ ကိုယ့်အတွက်က ကျန်တာတစ်ခုခု တစ်ခုခုတော့ ထပ်ရှိနေသေးတယ်လို့သာ ပြောပါမယ်။ ပျော်နေသေးတာပါပဲ။ မိသားစုမှာ ချစ်ခြင်းမေတ္တာရှိနေသေးတယ်ဆို ဘဝဆိုတာကိုလည်း ဘယ်တော့မှလည်း ဘာနဲ့မှ မလဲ ကိုယ်ဆက်သွားချင်နေမိသေးတာပဲ။

အတိတ်ဆေးသားကိုလည်း ဘာနဲ့မှ ဖုံးအုပ် မေ့မပစ်ချင်တော့သလို အချိန်တွေကိုလည်း ဘာအကြောင်းနဲ့မှ နောက်မဆုတ်ချင်တော့ပါဘူး။ အခုရှိနေ ရနေသေးတဲ့အရာများက ကိုယ့်အတွက် ဘာနဲ့မှ လဲမရ၊ နှိုင်းဆမရလို့ လမင်းလည်း သာနေရသေးတယ်။ ကိုယ့်ညတွေ လေကြောင်းသင့်နေလောင်မီးကျနေပေမဲ့ အေးနေရပါသေးတယ်။ မျှော်တော့ မျှော်နေ၊ ဒါပေမဲ့ ဘယ်နေရာ ရောက်နေဆိုတာလည်း ကိုယ့်ခြေလှမ်းတွေမှာ စမ်းရေအေးအေးစီးနေ၊ ကိုယ်လည်း ဘယ်တော့မှ ဆွေးမနေ ဆက်သွားနေမိတာပဲ။ စာသားတွေဆိုတာက ခံစားချက်သက်သက်သာဖြစ်လို့ ဒီအပေါ်မှာ ပေ့ါပါးစွာခံစား

mgyoe.com

mgyoe.com

# အဝေးမြို့ငယ်ထဲက အတိတ်မီးခိုးများ

(၁)

ငယ်ဘဝမှာ နေခဲ့ဖူးတဲ့ အဝေးက မွေးရပ်မြို့လေးထဲ နေစောင်းပြီဆိုတာနဲ့ ကျနေအပူငွေ့ဟာ အိမ်ရှေ့အုတ်ခုံပေါ်ကနေ အိမ်ထဲထိ လာဟပ်နေတတ်တာ။ ညနေ ညနေဆို အိမ်ရှေ့မြေကွက်လပ်က ခရေပင်အောက် မြေပေါ်တင်ကျန်နေသေးတဲ့ အပူငွေ့ကို ရေပုံးနဲ့ အလျှင်အမြန် ပက်ငြိမ်းခဲ့ရဖူးတာ။ နေဝင်ချိန်တွေမှာ အိမ်ရှေ့ကခရေပင်အရိပ်အောက် ရောက်လာထိုင်နေကျ၊ လမ်းမပေါ် မျှော်ငေးကြည့်နေကျ အိမ်ငယ်ထဲက ကျွန်တော်တို့မိသားစုဝင်များနဲ့ ရှေ့ကလမ်းမပေါ်မှာ သွားလာနေကျ အသိမိတ်ဆွေများလည်း တစ်ခါတစ်ခါ အပျင်းပြေ ရောက်လာ၊ လတ်တလော လျှောက်နေသွားနေတဲ့နေရာကရပ်လို့ မရောက်ခင်စပ်ကြား ခရီးတစ်ထောက် ဝင်နားလို့ ရောက်တတ်ရာရာစကားများလည်း ပြောတတ်ကြတဲ့ အိမ်ရှေ့အဝင်ဝကနေ လမ်းမဘက်လှည့်ထားတဲ့ အုတ်ခုံဖြူဖြူလေး။ ညနေခင်းဆို အပူငွေ့ဟာ အုတ်ခုံပေါ်ထိ ကျန်နေသေးတယ်ဆိုပေမဲ့လည်း တဖြည်းဖြည်း အပူလျော့လာ၊ ညနေအလင်းရောင်လည်း တစ်စစလျော့ကျလာချိန်တွေအထိ နေဝင်ချိန်များစွာ ဒီနေရာမှာ ဟိုတုန်းကလိုဆိုရင် အတူရှိနေခဲ့ဖူးကြတဲ့

mgyoe.com

m gyoe.com

အတိတ်နေ့ရက်တွေပေါ့။ အတိတ်က လွမ်းစရာမိတ်ဆွေအပေါင်းအသင်း တွေနဲ့ ငယ်ဘဝထဲ ချစ်စရာမိသားစုတွေပေါ့။

(၂)

လူတိုင်းမှာလည်း ဘဝကိုယ်စီ မိသားစုကိုယ်စီ ရှိတတ်ကြသလို ငယ်စဉ်ဘဝ အမှတ်ရစရာများဆိုတာလည်း ကိုယ်စီကိုယ်ငရှိတတ်ကြမြဲ ပါပဲ။ တစ်ခါတစ်ခါ အဝေးနယ်မြို့ထဲက နေရာဟောင်းများကို စိတ်ကူးနဲ့ ပြန်ရောက်နေတတ်ကြတဲ့အခါ လွမ်းရတဲ့အကြောင်းများက ဘယ်တော့မှ ပြောလို့မပြီး လက်ရှိလူ့ဘဝ နေ့တာများမှ စိတ်နဲ့ လှမ်းလို့မရတဲ့ အဝေး ရောက် အလွမ်းခြေလှမ်းတွေကြား အဝေးမြို့လေးမှ ကိုယ်စီခြေရာများက လက်တွေ့ဘဝထဲကင်းကွာ အိပ်မက်လိုမှုန်ဝါး ကျန်နေတတ်တယ်။ အခု အချိန်ထိ အရင်မြို့ငယ်ထဲမှာ အိမ်ငယ်လေးလည်းရှိနေသေး၊ အတိတ်ထဲ လွမ်းစရာ နေ့ရက်များလည်းရှိနေသေးတယ်ဆို ဓာတ်ပုံတစ်ပုံကစ စာရွက် အပိုင်းအစတစ်ခုမှ အစပြုပြီး လူတိုင်းအတိတ်ထဲ ပြန်ရောက်နေတတ်တယ်။ လက်ရှိဘဝထဲမှပဲ အတိတ်ကိုယ်စီ ငေးမောရပ်ကြည့်နေရတယ်။ လက်ရှိ လူ့အဖြစ်များထဲကလည်း စိတ်ကိုလွှတ်လို့ အရင်ကနေ့ရက်များဆီ စိတ်နဲ့ ပြန်ရောက်ဖြစ် ပြန်သွားဖြစ်ကြမယ်။ ပြန်လွမ်းဖြစ်ကြရသေးတယ်ဆိုလည်း မြို့ငယ်ထဲက ဘယ်နေရာ ဘယ်လမ်းထောင့်မှာ ကိုယ့်ခြေရာများ အထပ်ထပ် စွဲနေအောင် နင်းခဲ့ဖူးတာပဲဆိုတာမျိုး တစ်ခါက ခရေပင်အောက်လည်း အခု ကိုယ်တိုင်ရောက်နေရသလိုပဲဆိုတာလည်း ပြန်ပြောဖြစ်ကြရ၊ အခုဆို ခရေပင်တွေကလည်း အလွမ်းနဲ့ ရှိနေသေး၊ ရှင်သန်နေသေးတယ်ဆိုတာ ပြောနေကြရဦးမယ်။ စိုက်လက်စ စိတ်ကူးခရေပွင့်များဟာလည်း နောက် တစ်ခါ နယ်ပြန်ရောက်တဲ့အခါတွေအတွက် ပြန်ခြောက်သွေ့ ပြန်လွမ်းလို့ နေပြရသေးတယ်။

အခုဘဝမှာ ညတာများ ရှည်လျားလာတယ်။ ညမှာ အလွမ်းဟာ သံသရာရှည်တတ်လို့ ငယ်ဘဝ လသာညများ ပြန်အောက်မေ့လို့ ဆော့ခဲ့ဖူး ပျော်ရွှင်ခဲ့ဖူးတဲ့ အိမ်ရှေ့မြေကွက်လပ်မှာ ပြန်ရောက်နေတဲ့ စိတ်ဟာ အဲဒီနား မှာရပ်နေတယ်။ လရောင်ထဲကအတိတ်မှာ လက်ရှိ လူကိုယ်တိုင်လည်း

mgyoe.com

mgyoe.com


ရပ်နေတယ် ။ မိသားစုတွေလည်း ရပ်နေကြတယ်။ လရောင်နဲ့ အိမ်ရှေ့မြေတလင်းပေါ် ငယ်ဘဝ သံယောဇဉ်တွေ အစဉ်လိုက် ရပ်နေကြ မှတ်ဉာဏ်ထဲ ပေါ်လာသမျှလူတွေ အရာဝတ္ထုတွေ လေပြည်တိုးသံတွေ ဆူညံအော်ဟစ်ပျော်ရွှင်နေသံနဲ့အတူ ခြေစုံရပ်နေကြဆဲ အတိတ်က ညများ။ ကိုယ်တိုင်လည်း အတိတ်ထဲ မတ်မတ်ရပ်နေဆဲ အခုလိုအဖြစ်အပျက်တွေ ပြန်မှတ်မိနေဆဲ ပြန်ပြောမိနေဆဲ ဆိုပေမဲ့ အတိတ်ကမြေကွက်လပ်မှာ အခုဆို ကိုယ်တိုင်က မရှိနိုင်တော့။ အားလုံးကိုယ်စီ ရင်ထဲ ငယ်ဘဝ ဆော့ကစားဖူးတဲ့ မြေကွက်လပ်ကျယ်ကျယ်လို လစ်ဟာလို့ ကိုယ်စီမရောက်နိုင်တော့တဲ့ အချိန်တွေအစား ဒီစာသားမှာ အဝေးမြို့ငယ်အကြောင်း ပြန်ပြောင်းပြောတာလည်း ဖြစ်ချင်ဖြစ်မယ်။ ပြန်လွမ်းဖြစ်ကြမယ်ဆို နယ်မြို့လေးလည်း ဘဝထဲ တစ်ခါတစ်ခေါက်လောက် စိတ်နဲ့ ပြန်ရောက်လာခဲ့ကြရသလိုမျိုး အလွမ်းလည်း ပြေရ။ ကိုယ်စီပြန်လည်ခံစား ကိုယ်စီအတိတ်များကြား ကျွန်တော်တို့အားလုံး အတိတ်ကမြို့ငယ်လေးကို လွမ်းဖြစ်ကြတယ်ဆိုရုံမျှ။

(၃)

အဝေးမြို့လေးထဲက ငယ်ဘဝအိမ်ငယ်လေးကို ပြန်ရောက်သွား၊ ပြန်ဝင်ကြည့်လိုက်တဲ့အခါမှာလည်း ကျပ်စွဲနေတဲ့ ထုပ်လျောက်တန်းပေါ်က ငယ်ဘဝအစအနတွေ အဆုပ်လိုက် အထွေးလိုက်လွင့်ဝဲကျလာတယ်။ ကျပ်ခိုးလိုပဲ အတိတ်ဘဝဟာ တင်ရစ် ကျန်ရစ်နေတာလည်း ပြန်တွေ့ရမယ်။ အသုံးမလိုတော့တဲ့ ၂၁ လက်မ တီဗွီ စက္ကူဖာကြီးပေါ်က ပင့်ကူမျှင်တန်းများဖုန်တွေ အထပ်ထပ်တက်နေတဲ့ ပြတင်းပေါက်တံခါးတွေဆိုတာလည်း ကျိုးပဲ့လို့ အဆက်တွေလည်း ဟနေလိမ့်ဦးတော့မယ်။ ဂျက်ထိုးထားတဲ့ ဝက်အူတွေလည်း သံချေး(ဂျိုး)တက်နေတာများပြီး ဆွဲချမရ၊ ပတ္တာတွေလည်း တကျိကျိမြည်လို့ ပြန်ဖွင့်မရတော့တဲ့ အတိတ်က ပြတင်းတံခါးများပဲ။ အဝင်ဝတံခါးမကြီးအကွယ်က အရင်နေရာမှာပဲ မသုံးဖြစ်တော့တဲ့ ကျွန်းသားမင်းတုပ်ဟာ ထောင်လျက်သားရှိနေသေးတယ် ။ ဒီမှာလည်း ဆီပိတ်နေတဲ့ ဒလက်ထဲ ပန်ကာခလုတ်က ဖွင့်မရသေး။ ဟိုနေရာမှာ ပီပါတွေ အတန်းလိုက် စီချထားတာလည်း အရင်လိုပဲဆိုတာမျိုး ပြန်မြင်နေရတယ်။ အိမ်အပေါ်

mgyoe.com

mgyoe.com


ထပ် တံခါးပေါင်ကနေ ခုန်ဆင်းလိုက်တယ်။ တံခါးကို တွန်းဖွင့်အပြင် ထွက်လိုက်တယ်။ လှမ်းခေါ် မျှော်ကြည့်လိုက်တော့လည်း အဝေးကြီးအထိ အများကြီးလည်းမမြင်ရ။ ဒီပတ်ဝန်းကျင်မြင်ကွင်းမှာသာ ပိတ်လို့ အုန်းပင်တွေ ကွမ်းသီးပင်တွေနဲ့ ဟိုတုန်းကဆို ဆွေမျိုးသားချင်း မိတ်ဆွေတွေ အတွက် တခုတ်တရ လက်ဆောင်ပေးခဲ့ရတဲ့ ဒန့်သလွန်သီးတွေ ပိတ်ခဲနေ အောင်သီးတဲ့ ဒန့်သလွန်ပင်နား ရေချိုးခန်းရေစင်ပေါ်က အုတ်ပေါင်မှာ အက်ရာကြီး အခုထိရှိနေသေးတယ်။

ဖုန်တွေအထစ်ထစ်တက်နေတဲ့ အိမ်ငယ်ထဲ အတိတ်ရနံ့တွေ ကျန်ရှိနေပါသေးတယ်။ ခြေရာတွေ ဖုန်ထဲ အထပ်ထပ်စွဲ ညိုညစ်နေပါသေးတယ်။ လျှောက်လာတဲ့ လျှောက်လမ်းတစ်လျှောက်မှာလည်း သစ်သားကြမ်းခင်းပေါ် ထင်းခနဲခြေရာများဖြစ်နေပါလိမ့်ဦးမယ်။ ငယ်ငယ်ကနားထောင်ခဲ့ဖူးတဲ့ ကက်ဆက်တိပ်ခွေတွေက အခုဆို အရင်ထားခဲ့တဲ့နေရာမှာ မရှိတော့ဘူး။ ဟယ်ရီလင်းရဲ့ ဟယ်ရီလင်းအခွေလည်း ဗီရိုထဲမှာ မရှိတော့ဘူး။ ဖွက်ထားတဲ့နေရာမှာ မတွေ့တော့ဘူး။ အခု လိုက်ရှာနေမိသေးတယ်။ ဖွက်ထားတဲ့ ဓားကို ပြန်ရှာမတွေ့တော့လို့ စိတ်နဲ့လှမ်းသွေးနေမိသေးတယ်။ အိမ်အပေါ်ထပ်မှာက သွပ်နဲ့နီးလို့ ရှိစဉ်တုန်းကလည်း အိပ်ချိန်မှလွဲ မရောက်ဖြစ်တဲ့နေရာ။ မိသားစု အိပ်ရာခုတင်နေရာမှာ ကျေးညီနောင်ပုံပြင်စာသား အပြင်ကို လွင့်စဉ်ထွက်လာတယ်။ ရွှေယုန်နဲ့ ရွှေကျား ချက်ချင်း ခုန်ထလာတယ်။ နှစ်ယောက်အိပ် ခုတင်ကြီးဟာ ကျယ်လွန်းတယ်ဆိုတာ ပြန်မြင်ယောင်၊ အခုပြန်တမ်းတ။ ငယ်ငယ်ကဆို တစ်မိသားစုလုံး ဝင်အိပ်လို့ရခဲ့ဖူးတာကို ပြန်လွမ်းလို့ ပြန်သတိရနေမိသေးတယ်။ ယုန်ကလေးလည်း ဝင်အိပ်လို့ရ၊ ရွှေကျားလည်း နေရာလွတ်မလား လာလာချောင်းကြည့်ရတဲ့ ခုတင်ထားရာနေရာ။ ညည ကျောင်းသင်ခန်းစာတွေ ကျောက်ချရာ စားပွဲတစ်နေရာ။ အဲဒီစားပွဲနေရာလေးမှာလည်း ကွက်လပ်ဖြစ်ပြီး လစ်ဟာလို့ အရင်က သိမ်းဆည်းထားတဲ့ စာရွက်အပိုင်းအစတွေ ရေးလက်စ ငယ်ငယ်က လက်ရေးမူ ကဗျာစာသား ညံ့ညံ့လေးတွေ ဘယ်ရောက်လို့ ဘာတွေ ဖြစ်ကုန်ပြီလဲဆိုတာ မသိတော့ဘူး။ ပျောက်သွားတဲ့ ကဗျာစာအုပ်အထူကြီးကလည်း ဒီကနေ ဘယ်ရောက်သွားတာလဲ အခုမရှိတော့ဘူး။ ပြန်မြင်ယောင်နေရတယ်။

mgyoe.com

mgyoe.com


အိမ်ပြောင်းတုန်းက ကိုယ်တိုင်မရှိခဲ့တာကိုဘဲ အခုပြန်နှောင်တ ပြန်အမှတ်ရနေမိသေးတယ်။

ဖတ်လက်စ ပေဖူးလွှာမဂ္ဂဇင်းဟာ ခေါက်ရာရှိလျက်သားနဲ့ တံခါးကြားမှာ ညှပ်နေသေးတယ်။ ဖုန်ကြားထဲမှာပဲ စာအုပ်ဆိုတာထက် ညိုညစ်ညစ်စာရွက်တွေသာ ဖြစ်သွားခဲ့သလိုမျိုး မြင်နေရတဲ့ မဂ္ဂဇင်းစာမျက်နှာများဟာ အရင်လိုအကောင်းအတိုင်း ရှိမနေတော့ဘူး။ အိမ်ပြောင်းတုန်းက ကျန်နေတဲ့ အပိုင်းအစအနည်းငယ်လောက်သာ အရင်ပုံစံဆိုတာမျိုး အရင်အတိုင်းရှိတော့တယ်။ အခုနင်းလျှောက်ရပ်နေမိတဲ့ အိမ်အပေါ်ထပ် လျှာထိုးကြမ်းခင်းကိုလည်း ရဲရဲမနင်းဝံ့၊ ပြန်ငုံ့မကြည့်ဝံ့ဘူး။ ငယ်ငယ်က အမေဟာ ရက်အပျက်မခံ ညနေတိုင်း တံမြက်စည်း တက်လှည်းစေခဲ့တဲ့ အခုနင်းနေရတဲ့ အိမ်အပေါ်ထပ်က ကြမ်းခင်းနေရာ။ ငါတို့ညီအစ်ကိုတွေ အပေါ်ထပ်အခန်းကျယ်ကြီးထဲ သိပ်စိတ်ညစ်စရာကောင်းတဲ့ စစ်မြေပြင်ကြီးလိုပါပဲ။ အခုတော့ သန့်ရှင်းနေစေချင်တဲ့ စိတ်ကူးနဲ့သာ ရောက်ရာနေရာကစ တံမြက်စည်း ထလှည်းနေရတယ်။ ဘာတစ်ခုမှ အရင်ပုံစံအတိုင်း ရှိမနေကြတော့ပါဘူး။ ပြန်မှတ်မိနေ စိတ်ထဲစွဲထင်နေတဲ့ အရာဝတ္ထုများလည်း လစ်ဟာလို့ အိမ်ငယ်ဟာ သံယောဇဉ်အဟောင်းတစ်စမှလွဲ အခွံလေးသာ ကျန်ရစ်တော့ မယ့်အထိ။ မိသားစု ထမင်းဝိုင်းဟာ အိမ်နံရံမှာ ထောင်လျက်သားနဲ့ ခေါက်သိမ်းနေလျက်သားနဲ့ ဖြစ်နေတဲ့အထိ၊ အခုငါ လမ်းပေါ်ဆက်လျှောက်လာခဲ့တယ်။

(၄)

လျှောက်လာတဲ့ မြို့ငယ်ထဲကလမ်းများ။ လမ်းများမှာလည်း မြို့ငယ်ထဲကလမ်းများမှာ ဖုန်တွေ လုံးတက်လာနေ၊ အလိပ်လိုက် လွင့်ဝဲနေ။ နေရောင်ထဲ အခုတိုင် ရှိနေသေးတာကိုပဲ အမှတ်တရ ချန်ထားခွင့်ရတယ်ပဲ ထင်နေရတယ်။ အတိတ်ထဲ၊ နေရောင်ထဲ၊ အလွမ်းထဲ ရှိနေဆဲ အရင်လို ဖုန်လုံးကြီးတွေ။ စက်ဘီးနဲ့နင်းသွားတိုင်း၊ ဘေးက ပြေးလိုက်သွားတိုင်း ခြေရာ အချိုင့်လိုက်ကျန်နေတုန်း ဖုန်တွေ တထောင်းထောင်းထလာနေတုန်း။ ပျက်စီးနေတဲ့ မြို့ထဲကတ္တရာလမ်းများဟာ အရင်အငွေ့အသက်အတိုင်း

mgyoe.com

mgyoe.com


မပျက်မစီး မပြုမပြင် ရှိနေတုန်းပါပဲ။ အတိတ်ခြေရာများလည်း ချိုင့်ခွက်ထဲ စွဲထင်နေတုန်းပါပဲ။ ခဏခဏ ခုန်ထလာတဲ့ စက်ဘီးတာရာတွေက ဦးတည်ရာမဲ့လမ်းအတိုင်း အလွမ်းရှိတဲ့အရပ် အတိတ်နေရာတွေတော့ ရောက်သွားတတ်ပါတယ်။ ရောက်သွားမိနေတုန်းမှာပဲ ငယ်ဘဝ စာသင်ကျောင်းဟာလည်း ပကတိအတိုင်း ခေါင်းလောင်းသံနဲ့ ရှိနေသေး။ ကျောင်းရှေ့မြက်ခင်းပြင် အလံတိုင်ထိပ်မှာ ငယ်စဉ်ကလေးဘဝ အနာဂတ်များ တလက်လက်လွင့်နေသေးတယ်။ ခေါင်းလောင်းသံချိုကြွားက စာအံသံများ လှမ်းကြားနိုင်လောက်ရဲ့ ကျောင်းဝင်းဘေးက လမ်းထဲ ရပ်နေ ကြည့်ငေးနေမိတယ်။ ငေးမောရပ်ကြည့်နေမိသေးတယ်။ အဲဒီလိုအတွေးနဲ့ စာသင်ခုံပေါ်က ငယ်ဘဝ အခုတစ်ဖန်ပြန်ရောက်လို့ အခုမှကျောင်းသားငယ်ဘဝ ပေးလိုက်တဲ့အိမ်စာတွေ ပြန်မရတော့သလိုလိုထင်နေ အရိုက်ခံရတော့မှာလည်း အခုတွေးကြောက်ဖြစ်မိသေးတယ်။ မြင်နေရတဲ့နေရာက စိတ်ကူးနဲ့ ကလေးတွေဆော့နေတဲ့ ရာဘာဘောလုံးကိုသာ တအားကျုံးကန်နေမိတော့တယ်။ အခုမှပြန်ရောက်လာ၊ ပြန်အမှတ်ရစရာ ငယ်ဘဝ ရှုခင်းများကလည်း အခုလတ်တလောမှာပဲ တစ်ခါပြန်မြင်ရ။ လက်ရှိဘဝ စာသင်ခန်းနဲ့ ဝေးရာအရပ်က မအောင်မြင်သေးတဲ့ ကိုယ့်အကြောင်းများလည်းတွေးလို့ ရှည်နေတဲ့နှုတ်ခမ်းအစပ်ပေါ်က အမွှေးအမျှင်များ ယောင်ယောင်လှမ်းကိုင်ကြည့်နေမိတယ်။ အခုထိလည်း ယောင်ယမ်းလှမ်းနေရတဲ့ စိတ်ကူးထဲကခြေလှမ်းတွေ။

ကျောင်းဆင်းချိန်မှာလည်း ကျောင်းဝင်းထဲက ကလေးငယ်များကြားအော်ဟစ်ပြေးထွက်လာနေ။ အရင်တုန်းက ငယ်ဘဝ အခု ပြန်ပြေးထွက်လာလွယ်အိတ်ထဲ အကြောက်တရားများထည့်လွယ်လို့ အားကုန်ပြေးထွက်လာကြတယ်။ အိမ်ပြန်ရောက်ချင်စိတ်ဟာ တားဆီးမရ။ ကမ္ဘာမကြေတေးသံနိုင်ငံတော်သီချင်းစာသားများအဆုံး စိတ်ကိုလွှတ်ချလို့ အရင်ကဆိုရင်ပျော်ရွှင်လွတ်လပ်ခဲ့သလောက် ကြောက်ရွံ့ခဲ့သလောက် ခံစားမှုမျိုး အခုတစ်ဖန်ပြန်မရ။ အခုပြန်ရချင်နေတဲ့ ဆန္ဒကတော့ ကျောင်းဝင်းထဲက ထွက်လာ၊ လေထဲက ရောက်လာ၊ လမ်းပေါ် လျှောက်လာ။ ရင်ထဲကလည်းပျောက်ကွယ်သွားမှာမဟုတ်ပါဘူး။ ပျော်စရာများလည်း အရင်အခြေအနေအတိုင်း ပြန်မဖြစ်တော့တာကလွဲလို့ အတိတ်ကို လွမ်းစိတ်နဲ့ ဖြေနေ သံယော

mgyoe.com

mgyoe.com


ဇဉ် အမှတ်အသားနဲ့သာဖြေနေ မျက်လုံးထဲက ပျောက်ဆုံးသွားမှာမဟုတ်တဲ့ ပုံရိပ်တွေနဲ့ဖြေနေ။ အခုတင်ကျန်နေရပါသေးတယ်။ ငယ်ဘဝ ကျောင်းသားဘဝ အခု ချန်နေခဲ့ရဦးမယ်။ အခုလက်ရှိဘဝက ပြေးနေရသေးတဲ့ အိမ်ရှိရာ အရပ် မိသားစုဆုံစည်းရာ အိမ်ငယ်ရှိရာအရပ်ဆိုတာ သံယောဇဉ်များ အစပြုရာနေရာ ရပ်ဝန်းထဲမှ ဘဝထဲ မနားတမ်းတောက်လျှောက် ပြေးနေရ သေးတယ် ဆိုတာပါပဲ။

(၅)

ရသလောက်လည်း ရောက်အောင်သွားလို့ ရေးသလောက်လည်း အလွမ်းခြေရာထပ်နေ။ အခုအချိန်တွေမှ ပြန်တူးဆွ၊ အရင်ဘဝ ပြန်ရလို့ မိန်းမောနေရတယ်။ ငေးမောရပ်ကြည့်နေရုံနဲ့ အားမရ။ အရင်က အငွေ့ အသက်များကြား တစ်ခေါက်ထပ်ပါဝင်ကြည့်လို့ မြို့ငယ်ထဲ နေရာအနှံ့က ငယ်ဘဝပုံရိပ်များ လိုက်ဖမ်းနေမိသေးတယ်။ ရောင်စုံကော်ပတ်ရုပ်များအစား ချိုမြိန်နေဆဲ ငယ်ဘဝရေခဲချောင်းများမှအစပြုပြီး ထန်းပင်ရိပ်အောက် မြို့အစွန်က ချောင်းပေါက်ဝနားအထိ မရောက်ဖူးခဲ့၊ မပျော်ဖူးတဲ့နေရာဆိုတာ လည်းမရှိ မရောက်တာကြာနေတာပဲ ရှိရမယ်။ အခုရောက်လာပြန်တော့ လည်း အရင်ကအတိုင်း ပြန်လည်ပျော်ရွှင်လို့ အရင်နေ့ရက် အချိန်များပြန်ရ လို့ သာယာနေမိတယ်။ မြို့ငယ်ဟာ တော်ရုံအလှမျိုးနဲ့ စာဖွဲ့လောက်စရာ မရှိဘူးဆိုပေမဲ့လည်း အယောက်စီတိုင်းကိုယ်စီ... ကိုယ်စီငယ်ဘဝ ဇာတိမြို့ များဟာ ခံစားချက်နဲ့သာ လှပကုန်ကြ။ စိတ်ကူးနဲ့သာ ပနံရလို့ အလွမ်းနဲ့သာ ပြန်ပြောင်းအောက်မေ့စရာပဲ ဖြစ်ကြရတယ်။ ဇာတိမြို့များ ပြန်ရောက်တယ် ဆိုရင်လည်း လူတိုင်း အလွမ်းကိုယ်စီ၊ အတိတ်ကိုယ်စီ နေ့ရက်များဟာ အစီအစဉ်လိုက်ပေါ်လာ ငယ်မူငယ်သွေး တစ်ခါလောက် ပြန်ကြွလာရုံ လောက်နဲ့ ဘယ်တော့မှ ရပ်မသွားပါဘူး။ လက်ရှိဘဝများမှလည်း ပွန်းပဲ့ သွားစရာမရှိ စိတ်လွတ်ကိုယ်လွတ် အားကုန်လွှတ်လို့ ခံစားမှု ဒီဂရီ မြင့်လို့ အတိတ်ပုံရိပ်ထဲ ပျော်သလိုသာသွားနေကြရမယ်။ ပြုံးပျော်ရွှင် ကြည်နူးမဆုံး ဖြစ်ရတယ်။

အခုလည်း အရင်ကအခြေအနေမျိုးကို တစ်ခေါက်ပြန်သွားကြည့်လို့

mgyoe.com

mgyoe.com


မြို့ငယ်မှာ တစ်နေရာစာ အပိုင်စားနေရာယူလို့ မြို့လယ်က ဗျစ်ဆိုင်ဟာ ညနေထဲ လူထူနေပါတယ်။ အခါးရည်နဲ့သာ ညနေမှာ အားလုံးလူစုရပါတယ်။ အလွမ်းတွေဟာ အခါးရည်ထဲ ပျော်လို့၊ အမှားပါလာခဲ့ရင်လည်း ငယ်ဘဝသံယောဇဉ်များနဲ့ ဖာထေးလို့ ညနေမှာ သူငယ်ချင်းများ တစ်ဖန်ဆုံတွေ့ရတယ်။ ညနေဆိုရင် သူငယ်ချင်းတွေလည်း စဉ်းစားနေစရာမလိုဒီနေရာရောက်လာကြ မြို့လယ်က ဗျစ်ရည်ဆိုင်မှာ ကိုယ်တိုင်လည်း မရောက်တာကြာပြီဆိုပေမဲ့လည်း အဝင်ဝမှာကတည်းက သွေးပူနေ သွေးနွေးနေရဆဲ မြို့ငယ်ထဲက တစ်ဆိုင်တည်းသာရသလို ဖြစ်နေသေးတဲ့ အခါးရည်များ။ ဘယ်လိုမဆို ဒီနေရာ တစ်နေရာမှာသာ ဆုံတွေ့ရဖို့ရှိသလို ဖုန်းဆက်ပြီးလည်းချိန်းစရာမလို၊ လူကြုံလည်းပြောစရာမလို အလိုလိုရောက်ရောက်လာကြ။ ညနေဆို နေဝင်ချိန်ဆို မြို့ငယ်ထဲက အပေါင်းအသင်းများ။ ပျော်စရာများပဲကြုံတယ်ဆိုလည်း ဒီနေရာမှာသာ လာပျော်ကြ၊ ကြေကွဲစရာများနဲ့သာ ဒီဘဝဆိုတာကလည်း ဒီဆိုင်မှာပဲ ကြေကွဲဝမ်းနည်းရလို့ အခုအချိန်အထိလည်း မပြောင်းနိုင်သေးသော မြို့ငယ်ထဲက ဗျစ်ဆိုင်နဲ့မြို့က တရားဒေသနာ အခုချိန်ထိ နာကြားနေရတယ်။

နားထဲ ဆူညံသံနဲ့ ဆိုင်ရှိ လူအကုန် ရောက်တတ်ရာရာ စကားပြောသံများ အတိုင်းသားကြားနေရတယ်။ အားကစားဆိုတာကလည်း မြို့ငယ်မှာတော့ ဗျစ်ဆိုင်မှသာ စတင်ပါတယ် နောက်တစ်နေရာ သွားစရာဆိုလည်း အရာအားလုံး ဤနေရာမှသာစတင်။ ဆိုစရာသီချင်းစာသား ဘောလုံးပြိုင်ပွဲများမှအစ အိပ်မပျော်ခင် အချိန်စပ်ကြား ကိုယ်စီ သောကနေ့တာများမှာ ရသလောက်အချိန်အထိ ဒီနေရာကသာ စတင်ပျော်ရွှင်ကြရပါတယ်။ မြို့ငယ်ထဲမှာတော့ ဗျစ်ဆိုင်မှထွက်လာ နောက်တစ်နေရာဆိုလည်း ကျောင်းရှေ့ အုတ်ခုံသွားကြမယ်ဆိုတာပဲဖြစ်လိမ့်မယ်။ ဘောလုံးပွဲ ပွဲကြည့်မယ်ဆိုတာလည်း ရှိတတ်မယ်။ ကိုယ်မရတော့ဘူး၊ မနိုင်တော့ဘူး၊ အိမ်ပြန်တော့မယ်ဆိုတာမျိုး ဒီလောက်ပါပဲ။

mgyoe.com

mgyoe.com


(၆)

ကုက္ကိုပင်တန်းဟာ လွမ်းစရာအကြောင်း ပြန်ပြောင်းပြောမယ်။ ကျန်ရစ်သူတွေလည်း လွမ်းလို့နောက်တစ်ခါ တစ်ခေါက်ပြန်မျှော်ရမယ်။ ပြန်သွားတဲ့သူကလည်း အတိတ်ထဲမှပဲပြန်ထွက်လာ လက်ရှိဘဝ ပြန်လက်ခံရမယ်။ ကိုယ်စီ အနာဂတ်မှာ ပြန်မျှော်ကြရမယ့် အတိတ်ထဲက မြို့ငယ်မှာ ပြန်ဆုံတွေ့မယ့်ရက်များ။ ဓာတ်ပုံ အယ်လ်ဘမ်ထဲက အတိတ်ဆေးသားတွေ တစ်စစ ကွက်ကွက်လာတယ်။ ကွာကျသွားဦးတော့မယ်။ တချို့နေရာတွေ အရောင်တွေ ပြယ်လာတယ်။ အတိတ်ရနံ့ပျံ့လွင့်လာမယ်။ ဘူတာရုံအိုလေးဆောင်က ထိုင်နေကျနေရာများလည်း စိတ်ကူးနဲ့သာ လှမ်းမျှော်ကြည့်လို့ အခုရှိနေ ရောက်ဖြစ်ခဲ့နေရာများလည်း ဆေးသားအသစ် ပြန်ထပ်ဖြည့်လို့ အမောဖြေရမယ်။ အလွမ်းပြေကြရတယ်။ အရင်လိုဘဝ နေ့ရက်များ နောက်တစ်ခါ ပြန်မရ။ ကျန်ရှိနေသေးတဲ့ ဘဝတစ်ပိုင်းတစ်စမှာ ကိုယ်တိုင်လည်း လူ့အဖြစ်မှ မလျော့သေးသရွေ့ ဇာတိမြို့ငယ်ထဲက အတိတ်ပုံရိပ်တွေလည်း ဆက်လက်ရှိနေသေးတယ်ဆို အတိတ်ပန်းရနံ့များအကြောင်း အချိန်ရတိုင်း တွေးလို့ ဆွေးချင်ဆွေးနေနိုင်တယ်။ အသက်အရွယ်ထောက်လာ၊ အရွယ်လွန်လာတဲ့အခါမှာလည်း အခါလွန် အလွမ်းပြန်လူးလွန့်လို့ သတိရချိန်တိုင်း ပြန်သွားလို့လည်းရ၊ အရင်လိုငယ်ဘဝ တစ်ခဏပဲဖြစ်ဖြစ်ပြန်ရ၊ ကိုယ်လည်း သေပျော်လို့ ရနေပါသေးတယ်။

အဒေါ်တစ်ယောက်ကပြောတယ်၊ မြို့ငယ်မှာ ကျန်နေသေးတဲ့ သူ့အဖေကို။ နယ်မှာရှိနေတဲ့ အသက်၉၀ကျော် အဘိုးအိုကို။

"အရင်က သမီးတို့အိမ်ငယ်လေး ပြန်ရရင်လိုချင်လိုက်တာ အဖေရယ်...(ဆိုတာမျိုး ...)။ လွမ်းတဲ့အခါမှာလည်း အလွမ်းပြေနေလို့ရ ငယ်ဘဝ ပတ်ဝန်းကျင်ထဲ အချိန်ရတဲ့အခါမှာလည်း တစ်ခါတစ်ခေါက် ပြန်အနားယူလို့ရတာပေါ့ အဖေရယ်။ ဒါပေမဲ့ မြို့ငယ်ထဲမှာက ဘယ်သူတွေက သတိတရ အမှတ်တရ သမီးရှိတဲ့ အိမ်ငယ်ကို လာလည်ကြပါ့မလဲ အဖေရယ်။ သမီး အထီးကျန် ဖြစ်နေပြန်ဦးတော့မှာပဲပေါ့နော်" ဆိုတာမျိုး အလွမ်းပဲဖြစ်ဖြစ် သတိရစိတ်နဲ့ပဲ ဖြစ်ဖြစ် သတိရချိန်တိုင်း ပြောတတ်ဆိုတတ်တယ်။

အဘိုးမျက်ဝန်းမှာလည်း သမီးရဲ့အလွမ်းနဲ့လျှံကျနေတဲ့ ဆွံ့အတဲ့

mgyoe.com

mgyoe.com


စကားမှာလည်း မေတ္တာမိုးများသာ အစားထိုးရွာလို့ ခြောက်ဆယ်ကျော် သမီးကို ကိုးဆယ်ကျော်အဖေက အားပေးစကားများပြောဖို့လည်း ပြန် ကြိုးစားအားယူ နာကျင်တဲ့နှလုံးသားက အလွမ်းတွေအဖြစ်သာ တသွင် သွင် စီးကျနေရတယ်။

"အဖေလာလည်မှာပေါ့ သမီးရယ်" ဆိုတာမျိုးလောက်သာ ရင်ဘတ်နဲ့သာ မျက်ဝန်းညို့ညို့နဲ့သာ ပြန်ပြောနေမိတော့တယ်။

အမေကတော့ရှင်းပါတယ်။ မကြာခဏ သူ့အမေရှိရာ အဘွားရှိတဲ့ မြို့ငယ်လေးမှာ ပြန်ပြန်နေတတ်တယ်။ အချိန်ရတိုင်း ရတဲ့အချိန်တိုင်း အဘွားရဲ့ ဈေးဆိုင်မှာ လူမရှိဘူးဆိုတဲ့ အကြောင်းပြချက်နဲ့ အဘွား တစ်ယောက်တည်းဆိုတဲ့ အကြောင်းပြချက်နဲ့ သူ့အမေနား ပြန်သွားနေ တတ်တယ်။ ငယ်ငယ်က သူနေခဲ့တဲ့ အတိတ်ထဲ ခဏခဏ ပြန်ပြန်ရောက်နေ တတ်တယ်။ အဲလိုနေ့ရက်တွေဆို အမေလည်း ပျော်မှာပါပဲ။ အလွမ်းဆိုရင် လည်း အမေ့ရင်ထဲ ပြေသွားမှာပါပဲ.........။ ။

Ideal စက်တင်ဘာ၊ ၂၀၁၆

❑

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com




mgyoe.com

mgyoe.com

## လိပ်ပြာတစ်ကောင်လို တနင်္ဂနွေတစ်ရက်မှာ ရောက်လာ ပျော်ရွှင်ဖွယ်ရာ တောင်တန်းတွေနဲ့ကမ္ဘာ

ဒီနေရာမှာက နွေရာသီမို့သာ တော်တော့တယ်။ မိုးတွင်းဆို ခြင်တွေ ပိတ်သီးထနေမှာ...။ ကြမ်းခင်းပေါက် ကြိုကြားထဲက ညဟာ ဘယ်လိုမှ ဖုံးမရ ဖိမရ.. ပိန်းပိတ်နေတာ...။ အမှောင်ဟာ ကြမ်းကြားထဲကတောင် စိမ့်ထွက်နေတယ် ထင်ရတယ်။ မြင်နေကျ အမှောင်ပါပဲ...။ အမှောင်ထဲ မြောင်းရေစီးသံကို ကြားရတယ်။ ကြမ်းက မလုံသလိုဘဲ ခေါင်ကအစ မလုံ ခဲ့သော သူတို့ရဲ့ နှစ်ကာလများ...။ အိမ်အပြင်မှာ ... ရေသန့်ဘူး သွားကောက် တာက တစ်ယောက်၊ ဆန်သွားရှာနေတာကတစ်ယောက်...။ထမင်းခွဲ့နေရ သေးတာက မျက်စိအောက်မှာတင် တစ်ယောက်...။

"နင်တို့ အဖေကလည်း ကြာလိုက်တာဟယ်" ဆိုတာ... ဘာဟုတ် သေးလို့တုံး...။ အကျီလှန်လိုက်တော့မှ မိုးပျံပူဖောင်းဟာ တစ်မုဟုတ်ချင်း ပျံတက်သွားပါပြီ။ ရေနံဆီမရှိဘူး။ မီးဖိုက မီးတောက်ဟာ ပြာပြီးလဲ့နေတယ်။ မွှေးထားပေမဲ့ မီးတောက်က ဘာကိုလောင်ရမယ်မှန်း မသိရသေးသလိုပဲ လောင်စာတွေနဲ့သာ ဆက်လက်ကုန်သွားစေပြန်တယ်။ ညှော်နံ့ဟာ စိမ်းရွှေရွှေ ခပ်ပြင်းပြင်းထွက်လို့ လူးလွန့်တက်လာတယ်..။ အိမ်ပြန်ချိန်

mgyoe.com

mgyoe.com


ဆိုတာ လင်တော်မောင် မေ့များမေ့နေရှော့သလား၊ မထင်ပါဘူး။ ခဏနေရင်တော့ အိမ်ငယ်ဟာ အလင်းရောင်ပါးပါး ဝင်ရောက်လာရမယ်ဆိုတာ မုချ။ ဆာလောင်နေတဲ့ အိမ်ငယ်လည်း ဆည်းလည်းသံတွေ ဆာလောင်သံတွေ ဆူညံနေရဦးတော့မယ်။ အခုခဏတာလေးပဲ ဆွံ့အနေကြရတာ..။

အိမ်ငယ်ကနေ ကြည့်ရင် ဟိုး...ရှေ့မှာ မျက်စိတစ်ဆုံး မမြင်ရတော့တဲ့ အရင်ကမိုးကုပ်စက်ဝိုင်းကြီးနေရာ မှန်းဆကြည့်လို့လည်းရနေ။ အမှောင်ထဲ လယ်ကွင်းစိမ်းစိမ်းနေရာမှာ လေတိုက်လိုက်တိုင်း စပါးနံ့တွေဟာ ခြေထောက်ကို လာလာရှတာ အမှတ်ရနေမိတယ်။ ဆောက စက်ရုံကြီးရောက်လာတော့မှ သဘာဝတရား ဆိုတာတွေလည်း မရှိတော့ပါဘူးတွေးနေ... မိပြန်တယ်။ တအူအူထွက်နေတဲ့ ညှော်နံ့နဲ့ မကောင်းဆိုးဝါးလို တဝေါဝေါ စီးထွက်လာတဲ့ ရေတွေ...။ ပတ်ဝန်းကျင် တစ်နံတစ်လျား ပျံ့ကားထွက်ကျနေတယ်။ စက်ရုံကြီးဟာ တစ်ချိန်လုံး သတ္တဝါကြီးတစ်ကောင်လို တဂိီးဂိီး အော်ပြီး တရူးရူးဟောက်နေတာ။ တစ်ခါတစ်ခါ သူမချောင်းဆိုးတာ အချိန်စိပ်စိပ်လာတယ်။ အခု အန်ထုတ်လိုက်တဲ့ သွေးစသွေးနတွေနဲ့ ချောင်းဆိုးနာဟာ စက်ရုံကြီး ယူလာတာလို့ပဲ သူမစိတ်ထဲ မှတ်မိတော့တယ်။

(၁)

နေရာက ရပ်ကြည့်လိုက်ရင် မီးခိုးတလူလူနဲ့ အမိုက်ပုံကြီး...။ မရှိ့လည်း အမြဲလောင်နေတတ်တဲ့ အမှိုက်တွေ...။ အမှိုက်ပုံကြီး ဆိုတာထက် အမှိုက်တောင်ကြီးဆို ပိုမှန်လိမ့်ဦးမှာပါ။ မြင်ကွင်းအဆုံးထိ တောင်တန်းတွေလို ကာထားလိုက်တာ...။ အနားက ဘဝတူကလေးငယ်တွေလည်း အမှိုက်ပုံကြီးဆောမှာဆော့လို့.....။ ဒီတောင်ကြီးဟာ ဘယ်လောက်မြင့်သလဲဆို တို့အားလုံး ချောတိုင်တက်နေတယ်လို့ သဘောထားရင်တောင် သူ့ကို မီမှာ မဟုတ်ဘူး။

ကလေးတစ်ယောက်က ထအော်တယ်။

"ဟေး:::::......."

"နေလုံးဟာ ညနေတိုင်း အမှိုက်တောင်ကြီးနောက်ကို ဝင်သွားပါသည်"

mgyoe.com

mgyoe.com

ချက်ချင်း ကလေးငယ်တွေ စာအံလိုက်ကြတယ်။ ခေတ်ကိုက တောင်တန်းဆိုတာ ကျောင်းစာအုပ်ထဲ တစ်လျှောက်လုံး စိမ်းစိုလာခဲ့သမျှ အပြင်မှာတော့ တောင်တွေက သူတို့အတွက် ညိုညစ်ဝေဝါးနေတယ် ထင်ရတယ်။ ညို့နေတဲ့ တိမ်တွေနဲ့ တောက်နေတဲ့ နေရောင် ဒီအမှိုက်တောင်မှာ မရှိပါဘူး။ ပလတ်စတစ်အစတွေက လေမှာဝဲနေတာ။ မီးခိုးငွေ့တွေ တအူအူ တက်နေတာ။ သူတို့ရဲ့အဝေးက စာသင်ခန်းဟာ အမှောင်ထဲကပဲ သက်ပြင်း အခါခါ ခိုးခိုးချလို့ ....။

"တောင်တန်းတွေ ဆိုတာ ဘယ်လိုနေရာမှာမှ ရှိနေကြတာလဲ အမေ"

"ဟိုး...အဝေးကြီးမှာပေါ့ သားရယ်"

ကလေးအမေဟာ အဝေးကို ငေးမောကြည့်ရင်း ပြောလိုက်သလိုပါပဲ...။ သူ့မစိတ်ထဲ သစ်ပင်ကြီးတစ်ပင်ဆီက သစ်ရွက်လှုပ်သံကို ကြားချင်ကြားနေမှာ။ မြူတွေဆိုင်းနေတဲ့ တောင်တန်းတွေ စိတ်ကူးနဲ့အတွေးထဲ ဝင်လာနေတာ...။ ကလေးငယ်ဟာ စာရွက်လေးတစ်ရွက် လက်ကကိုင်လို့ မိခင်လုပ်သူကို မော့ကြည့်တယ်။

"စက်ရုံထဲက လူကြီးပြောတော့ တောင်တွေ မရှိတော့ဘူးဆို"

"ဟုတ်ချင်လည်းဟုတ်မှာပေါ့...သားရယ်...၊ အမလေး... သားရယ် ဘာတွေလာမေးနေပြန်တာလဲ၊ သွား...ထင်းသွားကောက်ချေ... မရရင် အမှိုက်ပုံက တာယာအစုတ်တွေ ယူလာခဲ့"

ကလေးအမေဟာ လက်ရှိဘဝထဲ ချက်ချင်း ပြန်ရောက်လို့။ တောအုပ် စိမ်းစိမ်းတွေက ပြန်ထွက်လာခဲ့တယ်။ ကောင်လေးက စိတ်ကူးထဲက တောင်တန်းတွေ ဒီတစ်သက် မြင်မှမြင်ရပါဦးမလားတွေးလို့။ အဲဒီစိတ်နဲ့ပဲ တာယာကောက်ထွက်လာတယ်။ ထင်းတော့ ရမှာမဟုတ်ဘူးဆိုတာ ကြိုသိနေသလိုပါပဲ..။ အမှိုက်ပုံကြီးနားရောက်တော့လည်း ... တွေ့တဲ့ ကြွပ်ကြွပ် အိတ်ထဲ ဖိနပ်စုတ်နှစ်ဖက်နဲ့ တာယာစတွေ ကောက်ထည့်လိုက်တယ်။

ကလေးငယ်ဟာ အမှိုက်ပုံကြီးကိုပဲ တောင်တန်းတွေပျောက်သွားသလို ပျောက်ကွယ်သွားမှာ သိပ်ကြောက်နေပုံလည်း ရလို့..။

"တောင်ကြီးဆီက ဒီလောက်လေးယူတာနဲ့ သူပြိုသွားမှာ မဟုတ်ပါဘူးလေ"

mgyoe.com

mgyoe.com


(၂)

လိုင်းကားက လှိုင်သာယာအဝေးပြေးကို ဆူးလေကနေ စထွက်လာပြီ။ လိုင်းကားကိုယ်တိုင်က ကားပေါ်မှာ ရပ်စရာနေရာလေးများ ရမလား ကိုယ်တိုင်မေးလို့ ....ကိုယ့်ကိုယ်ကိုယ် ပြန်တွန်းကြည့်လို့။ ဘယ်နားကို ရောက်နေပြီလဲဆိုတာ စပယ်ယာအသံပဲ အာရုံစိုက်နေရတော့တယ်။ ဘေးပတ်ဝန်းကျင်မြင်ကွင်း ဆိုတာကလည်း တွန်းထိုးကျပ်ညှပ်နေတဲ့ ချွေးနံ့ကို ခေါ်တာပဲပေါ့။ အတင်းဖိကပ်နေကြတယ်။ လှုပ်လို့မရတော့ပါဘူး။ ကြည့်တတ် မြင်တတ်ရင် "ရောက်ရာအရပ်တိုင်း တွေ့နေကြားနေသမျှဟာ ကဗျာဆန်လို့" ဆိုတာ အခုအခြေအနေနဲ့ တွေးလို့တောလို့ကို မရဘူး ကိုယ့်ဆရာ။ သူဟာ မကြုံဖူးသေးလို့လည်း ဖြစ်မယ်။ မျက်လုံးရှေ့တည့်တည့်မှာ ကာနေ၊ ကွယ်နေတာက ကျောပြင်ကြီးတစ်ခု...။ ဘယ်လိုခံစားချက်ကြီးမှန်းမသိနိုင်တော့ပါဘူး။

. စိတ်ကသာ အိမ်ပြန်ရောက်နေတာ...။ အတွေးနဲ့ အကျီအိတ်ကပ်ကို ဖိကပ်ထားနေရတာ...။ နေ့တွက်ခဟာ မိသားစုတစ်နေ့တာ အာမခံချက်ရနေသေးသလောက်သာ....။ အခုလူတွေဟာ မြို့ပြနဲ့အတူ ... အကာအကွယ်မဲ့နေခဲ့ပြီ။ ကလေးတွေ ဆာနေလောက်ပြီဆိုတာ မတွေးဘဲမနေနိုင်ပါဘူး။ သူ့မှာ ပါလာနိုင်သလောက်ဟာ ဆာလောင်တာတွေကို ခဏတော့ ရပ်သွားနိုင်မယ် တွေးရင်း... လက်ထဲက အထုပ်ဟာ ထင်တာထက် ပိုပေါ့ပေါ့လာတယ်။ ပြောချင်တာက ယူခဲ့ချင်တဲ့ပမာဏနဲ့ ရလာတဲ့တန်ဖိုး မပြည့်သလိုပဲ ထင်လာနေတယ်။ ဒီထက်မက လောက်လောက်ငငဖြစ်စေဖို့ သူအားထုတ်ခဲ့သင့်တာပေါ့ ဆိုတာမျိုးပဲ...။ အခု အိမ်အပြန်က ပြီးပြည့်စုံတယ်လို့တော့ မခေါ်ဆိုနိုင်ပြန်ပါဘူး။ သူ မျက်လုံးကိုမှိတ်လိုက်တယ်။ တန်းကို ဒီထက်အားစိုက်ပြီး ဆုပ်ထားမိတယ်။ သူဟာ တောင်တန်းတစ်ခုသာဆို အိမ်ကလေးကို ကာထားနေရတယ်။ သူ့မိသားစုကို ကာထားနေရတယ်။ တောင်တန်းက စိမ်းစိုကြည့်လှဲ့နေမလား မဟုတ်ပါဘူး။ အိမ်နားက အမှိုက်တောင်ကြီး အဖြစ်လောက်ပါပဲ...။

မည်သို့ လုပ်လိုက်သည်မသိ။ မည်သို့ ဖြစ်သွားသည်မသိ ဆိုတာ အခုကားပေါ်မှာ ကြုံနေရတာကို ခေါ်တာဖြစ်တယ်။ လူက အလိုလို ရပ်သွား

mgyoe.com

mgyoe.com


တယ်။ ရှေ့ကို ဘယ်လိုနည်းပရိယာယ်နဲ့မှ ဆက်တိုးလို့မရတော့ဘူး။ အသက်ကို ခိုးခိုးရှူနေရတာ။ လက်ကို ထုံနေအောင် တင်းထားရတာ။ သက်သောင့်သက်သာ ဘယ်လိုနေရမလဲဆိုတာ... စပယ်ယာပြောမှ သူလည်းသိရ။ ရှေ့ကို ငိုက်ကျသွားတယ်။ တက်လာတာက ဆင်းသွားကြတာ မမျှသလိုပဲလို့ ထင်လာမိတယ်။ ကိုယ့်ကိုယ်ကိုယ်ပဲ အမျှအတန်း ပေးဝေနေမိတယ်။ ကုသိုလ်တွေများ ရလို့...။

စပယ်ယာက အော်နေတယ်။ နောက်ကို တိုးပေးကြပါဆိုတာ..။ နောက်မှာက အချောင်ကြီး ဦးထုပ်နဲ့ အစ်ကိုရီး ဆိုတာ....

"စောင်းပြီးတိုးသွားလိုက်ပါဗျ၊ ပိုက်ဆံမပေးနဲ့ဗျာ ရတယ်.. လူတွေ အပြည့် ပါနေရင်ကိုပဲ ပျော်နေတာ"

ကိုယ်တော်က ပြောတတ်ပုံတော့ရပါတယ်။ ပြီးရင် ပိုက်ဆံလာမကောက်ဘူးလားဆိုတော့လည်း မဟုတ်ပါဘူး။ နောက်ကို ရောက်လာတာ ပါပဲ။

မြို့ထဲကနေ လှိုင်သာယာရောက်သွားဖို့ဆိုရင် တံတားတစ်စင်းတော့ ဖြတ်သွားဖို့ လိုအပ်ပါတယ်။ မြို့ခိုးနဲ့ မွန်းနေတဲ့ မြို့ပြမှာ တံတားပေါ်ဖြတ်နေတဲ့အခိုက်အတန့်က ထွက်ပေါက်ရသလို အင်မတန် ပျော်ဖို့လည်း ကောင်းတာပေါ့။ လေနုအေးက နှာသီးဝကို အခမဲ့ ဝင်တိုးနေတာ... ဆည်းဆာ တိမ်ရောင်စုံကိုမြင်နေရတာ... လှေငယ်ဟာ ငှက်ငယ်ကို စောင့်ခေါ်နေသလို... မြစ်ထဲ သူတို့ ပျော်ရွှင်နေတတ်ကြမှာ...။ တွေးကြည့်တယ်၊ ရှေ့က ကျောပြင်ကြီး အလွန် မြစ်ပြင်ကျယ်ကျယ် တစ်နံတစ်လျားဆီ...။ သဘာဝ တရားထဲ ဝမ်းစာရှာနေခွင့်ရခြင်းဟာ မြို့ပြမှာထက်တော့ အသက်ပိုရှူခွင့်ရနေဆိုတာမျိုး...။ အသက်ကို ရင်းထားရတယ်လို့ တွေးထင်နေတာထက်စာရင် မြစ်ပြင်ဟာ မြို့ပြထက်ကို ပိုအေးချမ်းစေမယ်ဆိုတာမျိုး ...။ သူ့အိမ်နားက အမှိုက်တောင်ကြီးနဲ့တော့ သဘာဝတရား တခြားစီပါပဲ တွေးလို့။ အိမ်ဟာနေစရာ ဖြစ်ရုံကလွဲရင် အရာရာအားလုံးက မယုံနိုင်စရာတွေလည်း အပြည့်...။ လူတွေ ပလတ်စတစ်တွေ...။ ညှော်နံ့တွေနဲ့ ရေဆိုးရေညစ်တွေ စီးဆင်းလို့...။

mgyoe.com

mgyoe.com


(၃)

လက်ရှိအနေအထားကို မကျေနပ်နိုင်ဘူးဆိုတိုင်း ကံကြမ္မာကို ယိုးလို့မှမရ။ ဘဝတိုင်း ဘဝဆိုတာတွေ ကိုယ်တိုင်ပြုပြင်၊ ကိုယ်တိုင်စီမံ ဖန်တီးနေကြရတာပါပဲ...။ ခူးယူ စားသုံးနေကြရတာချည်းပါပဲ...။ စိုက်ပျိုးနေကြသမျှလည်း တစ်ချိန် ကိုယ်တိုင်ရိတ်သိမ်းကြရဦးမှာပါပဲ တွေးလို့...။ လူတိုင်းအတူတူ ကိုယ်တိုင်စီမံရာ ကံတရားအတူတူမှာ ဒီနေရာကို တော်ရုံအကုသိုလ်မျိုးလောက်နဲ့ ရောက်လာနိုင်စရာတော့မရှိ။ အားလုံးဟာ တစ်ချိန် တစ်နေရာတစ်ဘဝမှာ တော်တော်ကြီး မိုက်မဲခဲ့ကြပါလား မတွေးဖူးကြသလိုပါပဲ။ ဝမ်းစာဟာ အသိတရားထက် ပိုအရေးကြီးနေရတာ... ထမင်းတစ်လုတ်ဟာ အရာရာဖြစ်သွားလို့ရနေတာ...။ ဘဝတွေဆိုတာ မိုးနဲ့မြေလို ခြားနေတာ အားလုံး... အားလုံးဟာ...။

ဖရဲသီးသည်ကို ကြည့်ပြီး ကလေးအမေက သူ့ကလေးကို ဆုံးမနေခဲ့တာပဲ။

"ကြည့်စမ်း... ပညာမတတ်ရင် အဲဒီလို ဖရဲသီး ရောင်းရမယ်" ...ဆိုလာတာ။ တစ်လမ်းလုံး ဖရဲသီးသည်ဟာ အတွေးထဲ ကပ်ပါလာတယ်။ ပညာဆိုတာကလည်း ရှာနိုင်သူတွေအတွက် ဒီလိုစကားမျိုးကို ခေတ်အဆက်ဆက်ပြောနေကြဦးမှာပဲလို့သာ တွေးမိတယ်။ ကြားလိုက်တဲ့ခဏ နှုတ်ကဆွံ့အ သွားလည်း စိတ်ကူးထဲ ကိုယ်တိုင်မေးခွန်းတွေမေးလို့ ကိုယ်တိုင်ပြန်ဖြေနေမိပါတယ်။ သူ့ကလေးတွေကို ကျောင်းထားကြည့်မလားဆိုတာမျိုးပေါ့။ တစ်ဆက်တည်း ပညာမတတ်တဲ့ဘဝဆိုတာနဲ့ "ကျောင်းထားနိုင်လောက်တဲ့ငွေဟာ ဘယ်မှာသွားအလေလိုက်နေလဲ" ဆိုတာ အားလုံးကို ခပ်ရွဲ့ရွဲ့မေးလိုက်ချင်တယ်။ ကံတရားပစ်ချထားတဲ့ ဘဝဆိုရင်လည်း တစ်ခုခုတော့ပြောင်းလဲနိုင်နေရမှာလေကွာ...။

"ငါတို့ ဒီအမှိုက်ပုံကြီးနားက ပြောင်းမှ ဖြစ်တော့မယ်....ထင်တယ်"

"ပြောင်းရင်လည်း မြန်မြန်ပြောင်းစေချင်စမ်းလှတယ် ကိုရင်ရယ်... ကျုပ်သွေးတွေ ခဏခဏ အန်နေတယ်တော် ... ကလေးတွေလည်း ပိန်လှပြီ..."

"အေးပါ ကျုပ်... ကြည့်လိုက်ပါဦးမယ်... မင်းလည်း ကိုယ်ဝန်နဲ့

mgyoe.com

mgyoe.com


ဆိုတော့ ရွာပြန်နေချင်လည်းနေတာပေါ့ ... ရွာမှာဆို ဘာပဲပြောပြော ကလေးတွေ ရွာဦးကျောင်းမှာ သေစာရှင်စာလောက်တော့ တတ်အောင် သင်လို့ရတာ ပေါ့ဟာ..."

ကလေးတွေကတော့ မော့ကြည့်နေကြတယ်။ ကလေးတွေက ကြောင်ကြည့်နေကြတယ်...။ အမှောင်ဟာ ပိုတိတ်ဆိတ်သွားတယ်။လွတ်မြောက်သွားသလိုလား။ ပေ့ါပါးသွားသလိုလား။ စိတ်ဟာ မှန်းဆလို့မရပြန်ပါဘူး။ နေရောင်ခြည်ကို မြင်ကြရပြီဆိုရင်တောင် အရုဏ်ဦး နေထွက်စ ရောင်နီလောက်သာ။ သူတို့ကိုယ်မှာ ချွေးတွေ ရွှဲနေရဦးမှာ။ မျှော်လင့်နိုင်စရာက လေပြည်လေညင်း လူးလွန့်လှုပ်ရှားသွားရုံမျှသာ...။ အခုလောလောဆယ်တော့ အိမ်ငယ်မှာ ဖယောင်းတိုင်မီးရောင်လေး တစ်ခါလဲ့နေ လင်းနေပြန်ပါပြီ။

"အဖေ... ရွာမှာ တောင်တွေကို မြင်ရလားဗျ"

"ရှိတာပေါ့ကွာ... ရွာပါဆို... စိမ်းစိုနေတဲ့သစ်တောတွေ တောင်တန်းတွေဆိုတာ ညို့မှိုင်း အုံ့ဆိုင်းနေတာ... သားကြီးရ..."

(၄)

"ကမ္ဘာဟာ ရွာကြီးဖြစ်လာတဲ့အခါ ပတ်ဝန်းကျင်ကလူတွေဟာ ရွာပြင်အလိုလိုရောက်သွား"

အဲဒီစကားနဲ့ လူတွေဟာ နည်းပညာခေတ်ကို သရော်လို့။ ဘေးပတ်ဝန်းကျင်က ဘဝတွေကိုမေ့လို့။ ခေတ်ပုံတစ်ပုံမှာ တစ်ကမ္ဘာလုံး စုတ်တသပ်သပ်၊ လူတိုင်းအံ့အားသင့်နေကြပြီး မိုးကောင်းကင်ထဲမှာပဲ မေတ္တာတရားကို ဖော်ကျူးနေကြတယ်။ ကိုယ်ချင်းစာတရားတွေပြည့်စေ၊ ကမ္ဘာမြေငြိမ်းချမ်းပါစေ အော်လို့.... ကြွက်ကလေး၊ ငှက်ကလေးကအစ တန်ဖိုးအနဂ္ဃထိုက်တန်နေပါတယ်ဆိုတာ လေလှိုင်းပေါ်မှာသာ ဖြစ်နေတတ်တယ်...။ လက်ရှိဘဝထဲ ပြန်ဝင်ကြည့်တော့ ကိုယ့်နံဘေးမှာကို မီးက လောင်နှင့်နေပြီ။ လူဟာ လက်လှမ်းမီရာ အဖော်တော်နေမှုကြား ဘာစကားတွေပြောရတော့မလဲ စဉ်းစားလို့...။ လူတွေက မိမိကိုယ်တိုင် အခန်းထဲ ပိတ်လှောင်နေရ၊ ရုန်းမထွက်နိုင်ကြဘူး။ ဒါဆိုလည်း သင်ကိုယ်တိုင် လေလှိုင်း

mgyoe.com

mgyoe.com


ရွာကြီးထဲ ကျုပ်တို့အားလုံးအတူ... ရောက်ရာအရပ်က အမြန်ပြန် လာခဲ့ကြ ရုံပါပဲ...။ လက်တွေ့ဘ၀ သဘာ၀တရားကြီးထဲ...။

ရောက်နေရာနေရာကလည်း မြူတွေဆိုင်းလို့...။ တောင်ပေါ်ဒေသမှာ ရပ်ကြည့်နေရာ ရှုမျှော်ခင်းတိုင်းဟာ စိမ်းစိုကြည်လဲ့နေတာပဲ ထင်နေရပါတယ်...။ ဒီတောင်ပေါ်စေတီလေးဆီကနေ တောင်ခြေကို အတိုင်းသား မြင်နေရပါတယ်။ တောတောင်သဘာ၀ရဲ့ သစ်ရွက်လှုပ်သံတွေနဲ့ ဆည်းလည်းသံကို ကြားနေရတယ်။ ဟိုး...အဝေးမှာက မြစ်ကြီးတစ်စင်း ပတ်ခွေစီးဆင်းနေတာ...။ ဘ၀ကို ကုသိုလ်ကောင်းမှုမှာ သာယာတတ်တယ်ဆိုရင်... လူ့ဘ၀ခဏတာမှာ အများကျိုး ရွက်ဆောင်ဖူးတယ်ဆိုရင် သင်လည်း အခုမှစ ဒီနေရာမှစ လူ့ဖြစ်ရကျိုးနပ်ပါပြီ။

"အရှင်ဘုရား ကျောင်းသားတွေကို နေ့လယ်စာကျွေးနေပြီ ဘုရား့"

ကိုရင်လေးတစ်ပါး အနားရောက်နေတယ်။ သူလည်း စာသင်သား အများကြီးထဲက တစ်ဦးပါပဲ။ ကိုရင်လေးကိုလား မိမိကိုယ်တိုင် နှုတ်က စကားတစ်ခွန်းပြောလိုက်မိသလို...

"ကျုပ်တောင် ဒီကို ရောက်နေတာ အနည်းဆုံး ဆယ်ဝါလောက်တော့ ရှိနေပြီပဲ"

ဒီမှာပဲ တစ်သက်လုံး နေသွားမယ်ဆိုတာလည်း မိမိကိုယ်တိုင် ဆုံးဖြတ်ထားခဲ့တာပါပဲ ။ ငယ်ငယ်က အရိပ်နဲ့ လွှမ်းမိုးမှုတွေ တောင်တန်းတွေဆိုတာ ဟိုစဉ်ကတည်းက ရင်ကို ကိုင်လှုပ်နိုင်စွမ်းခဲ့တယ်..။ ဘ၀ တစ်လျှောက်လုံး ရွေးချယ်စရာ ရှိခဲ့ဖူးမယ်ဆိုလည်း ဒီတောင်တွေဆီ ရောက်ချင်စိတ်နဲ့သာ ရွေးချယ်လာခဲ့ရပါတယ်။ အခုတော့ ပတ်ဝန်းကျင်မှာ တောင်စဉ်တောင်တန်းတွေဆိုတာ.. မျက်စိတဆုံးတွေ့နေ မြင်နေ...။ အခု လုပ်နေရတဲ့ ကုသိုလ်နဲ့နေဖြစ်တဲ့ သဘာ၀လောကထဲ စိတ်က ကြည်လင်နေတာပဲ ထင်မှတ်ခွင့်လည်းရလို့ ...။ နံဘေးမှာက တောင်တန်းတွေရှိနေတယ်။ ပတ်ဝန်းကျင်မြင်ကွင်းတဆုံး တောင်တန်းတွေ ဆိုတာကလည်း... ဒီလို နေရာမှာမှ ရှိနေကြတာမျိုး မဟုတ်လား။

"ဟော........" ကလေးငယ်တွေ စာအံနေကြပြီ....။

"နေလုံးဟာ အနောက်ဘက်တောင်တန်းတွေဆီ ဝင်သွားပါ

mgyoe.com

mgyoe.com


သည်....." ... သံပြိုင်ဆိုလို့.......

.... ညတာဟာ တရွေ့ရွေ့ ရောက်လာ... လိပ်ပြာတစ်ကောင်လို တနင်္ဂနွေတစ်ရက်မှာ ရောက်လာ... ပျော်ရွှင်ဖွယ်ရာ.... တောင်တန်းတွေနဲ့ ကမ္ဘာ...။ ။

Labour Digest၊ ဇူလိုင်၊ စက်တင်ဘာ၊ ၂၀၁၆

❑

mgyoe.com



mgyoe.com

mgyoe.com


## နှင်းလူ

တောင်ပေါ်ဒေသ ရွာငယ်လေးမှာတော့ လူကဘယ်လို အထီးကျန်စွာ နေနေလည်း အရိုးကွဲအောင်အေးခဲ ဆောင်းမနက်ခင်းတွေကတော့ အမြဲရောက်လာခဲ့ပြန်တာပဲ။ ဆောင်းမနက်ခင်းမှာ နှင်းစက်အသားထဲက စိမ့်ဝင်နေတဲ့ အလွမ်းဓာတ်နဲ့အတူ နိုးထလာရတတ်တဲ့ အထီးကျန်ရက်စွဲများ။ ဆောင်းနေ့ရက်များမှာပဲ ကျလာတဲ့ နှင်းစက်နဲ့အတူ ထွက်ခွာသွား၊ မမြင်ရတာကြာတဲ့ သူတစ်ယောက်ကို လွမ်းနေရ မြူတွေဆိုင်းနေတဲ့ တောင်ခြေဆီမြေပြန့်လွင်ပြင်တစ်နေရာဆီ ပို့လွှတ်နေမိတဲ့ အလွမ်းနှင်းပွင့် ဆောင်းမနက်ခင်းတွေ။ အလွမ်းဆိုတာ စိတ်အခံမှာရှိလို့လည်း နှင်းပွင့်အသားထဲမှာ မြစ်ဖျားခံလာ။ ဆောင်းဝင်ပြီဆိုကတည်းက တစ်နေရာတစ်ဒေသမှ နှင်းတောထဲ မမြင်ရသူကို စောင့်မျှော်နေတတ်တာ။ အလွမ်းဆိုတာမျိုးကလည်း အအေးဓာတ်ထဲ ခဲနေတဲ့သွေးနဲ့ ဘယ်ဆီမျှော်မှန်းရမယ်ဆိုတာ မသိတဲ့ မျှော်စိတ်တစ်မျိုးလို။ အိမ်တံစက်မြိတ်မှာ တွဲခိုနေတဲ့ နှင်းစက်လို။ မှုန်ဝါးပျောက်ကွယ်ရတော့မယ့် အတိတ်လို။ ဘဝတစ်လျှောက် အလွမ်းတေးကိုကိုယ်တိုင်ဘယ်တော့မှမဆိုချင်ပေမဲ့ ဆောင်းအအေးဓာတ်သာပိုလာ မြစ်ဖျားခံလာတဲ့အလွမ်းက လာလာရိုက်ခတ်နေတဲ့အခါ ဘယ်လို ငိုကြွေးနေရမလဲ

mgyoe.com

mgyoe.com

ဆိုတာလည်း မတွေးတတ်ဖြစ်နေတယ်။ မနက်စောစော နှင်းပွင့်တွေ မြင်နေရမှလည်း အအေးဓာတ်ပိုရလာတဲ့ဆောင်းနဲ့ တောင်ပေါ်ကနှင်းစက်ပီသမယ်။ နေရောင်မြင်ရင် နှင်းပွင့်ဟာ လက်ခနဲ ကြွေကျ ကွယ်ပျောက်မယ်။ ဒါပေမဲ့လည်း အလွမ်းဆိုတာကတော့ မဆုံစည်းနိုင်မချင်းမှာ ဖျတ်ခနဲမကြွေကျ၊ ခဏနဲ့ မပျောက်ကွယ်တတ်လို့ နေရောင်မမြင်ခင်စပ်ကြားမှာ ရှည်ကြာနှင်းတွေ ဝေနေတတ်တဲ့ ဆောင်းမနက်ဆိုတာက တောင်ပေါ်မှာပဲရှိတယ်။ တောင်ပေါ်မှာ အမြဲ မြူခြေဆိုင်းနေတတ်တယ်။

ခွဲခွာနေရတဲ့ ရက်ဟာ ရှည်ကြာလွန်းခဲ့ပါတယ်။ လွမ်းရတဲ့နေ့တွေက ကြာလွန်းနေပြီမို့ ဒီတစ်ခါ ဆောင်းနှင်းဝေရင် အဝေးတစ်နေရာက မျှော်သူတစ်ယောက် ပြန်လာတော့မယ်လို့လည်း စိတ်က ထင်မှတ်နေခဲ့မိသလို အစောဆုံး နှင်းစက်နဲ့အတူ စောင့်မျှော်နေမိတယ်။ အခုလို အဝေးတောင်ပေါ်က လွမ်းဆွတ်နေမှန်းသိအောင်လည်း မြူနှင်းတွေဝေတဲ့ မနက်ခင်းမှာ အလွမ်းဓာတ်ကို သူ့ဆီအရောက် ပို့လွှတ်နေမိတယ်။ မနက်ခင်း နှင်းတောထဲ ရှေ့တစ်ခေါ်စာမျှ မမြင်နိုင်ဘဲ တောင်ပေါ်လမ်းဟာ စိတ်လှုပ်ရှားစရာကောင်းလွန်းလို့ ဘယ်အချိန် နှင်းကြားထဲက ကိုယ့်ထံ အပြေးရောက်လာပျော်ရွှင်စေမလဲဆိုတာမျိုး လှုပ်ရှားနေတဲ့ ရင်ဘတ်နဲ့သာ ရှေ့ကို ငေးမျှော်ကြည့်နေမိတော့တယ်။ မနက်ခင်း နှင်းတွေကတော့ ပန်းလို ပွင့်ဝေနေလေတယ်။

နှင်းပန်းပွင့်ဟာ ညမှာတော့ တလက်လက်ကြယ်လို နံနက်စောစောရောက်တဲ့အခါမှာလည်း ဖွေးဖွေးလှုပ်မျှပွင့်ဝေနေသေးတာပါပဲ။ လုံခြုံတဲ့အကာအကွယ်ကြားထဲမှလည်း အပြင်မှာ ဘယ်လောက်အေးခဲနေမလဲဆိုတာသိနေ၊ အလွမ်းဆိုတဲ့စကားပါလာတဲ့အခါ အသည်းမာတဲ့ လူဟာလည်း ဆောင်းနှင်းပွင့်ထဲ ငရဲတမျှ အရည်ပျော်ကျလို့ တောင်ပေါ်ဒေသတစ်နေရာက တစ်ကိုယ်တည်း အထီးကျန်ဘဝမျှား။ မြေပြန့်နဲ့စာရင် တောင်ပေါ် ရွာငယ်လေးမှာကမှ နှင်းဝေတဲ့ဆောင်းမှာ အအေးဓာတ်ပိုရပါသေးတယ်။ မြို့ပြက ဆောင်းအတုမှာတော့ အဆွေးဓာတ်သာ ပိုလှနေလိမ့်ဦးမယ်။ ဆွေးနေတဲ့အသည်းဟာ ပိုပိုလှလာတဲ့အခါ တစ်ယောက်တည်း တစ်နေရာရာ ထိုင်ငေးနေရာက တောင်ခြေပျပျ အဆေးတောင်ပေါ်ကို မမြင်နိုင်
mgyoe.com